# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၁ ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**

**(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊၁၀း ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၁ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက်ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းသည် နေမကောင်းပါ သဖြင့် ယနေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ရသေ့တောင်မဲဆန္ဒနယ်မှ ကျွန်မ ဒေါ်ခင်စောဝေမှ ခွင့်ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန္ဒကျော်စွာဟာ အရေးတကြီးကိစ္စများ ဆောင်ရွက်ရန်ရှိပါသဖြင့် ခရီးထွက်တဲ့အတွက်ကြောင့် ယနေ့ ၂၅-၁၀-၂၀၁၁ (အင်္ဂါနေ့) အတွက် ခွင့်တစ်ရက်ပေးပါရန် ဦးနန္ဒကျော်စွာကိုယ်စား ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးရင်က ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း သည် ကျန်းမာရေးမကောင်းသေးပါသဖြင့် ယနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ တစ်ရက်အား ခွင့်အဖြစ် ဆက်လက်သတ်မှတ်ပေးပါရန် ဦးတင်ဝင်း၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်ညွန့်မှ လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဘထီး(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်ကိုယ်စား ခွင့်တိုင်ကြားမှာ ဖြစ်ပါတယ်။ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ဟာ နေမကောင်းဖြစ်နေပါ၍ ယနေ့ ၂၅-၁၀-၂၀၁၁ ရက်နေ့ တွင်ပြည်သူ့လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်ခြင်းကို ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးပါရန် ဦးအောင်စိန်၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို့ဟာ လွှတ်တော်၏ တာဝန်ပေးချက်အရ နိုင်ငံတော်သမ္မတကြီး၏ ရေဘေးဒုက္ခသည်များအား သွားရောက်ကြည့်ရှုအားပေး ထောက်ပံ့တဲ့ခရီးစဉ်မှာ လိုက်ပါသွားရပါသဖြင့် ၂၅-၁၀-၂၀၁၁ နှင့် ၂၆-၁၀-၂၀၁၁ နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးခင်မောင်ညို၏ကိုယ်စားလေးစားစွာခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီဟာ ကိုယ်တိုင်ဆောင်ရွက်ရမည့် လုပ်ငန်းရှိပါသဖြင့် ၂၅-၁၀-၂၀၁၁ နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးဘိုနီ၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးပြည့်မောင်(မတ္တရာမဲဆန္ဒနယ်)။** ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင်ဖြစ်ပါတယ်။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေးဟာ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူနေပါသဖြင့် ယနေ့အစည်းအဝေးကို မတက်ရောက်နိုင် ပါ၍ ခွင့်အဖြစ်သတ်မှတ်ပေးပါရန်ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့အစီအစဉ်မှာ ခွင့်ပန်ကြားသူများ ထဲမှာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနဲ့ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညိုတို့ ခွင့်ပန်ကြားတာအားလုံး ကြားသိလိုက်ပြီးဖြစ်ပါတယ်။ ဒီလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးဟာ တင်ပြသွားသလို ဒီကနေ့နိုင်ငံတော်သမ္မတကြီးရဲ့ မကွေးတိုင်းဒေသကြီး ရေဘေးအန္တရာယ်ကျရောက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ စီစဉ်ပေးတဲ့ ခရီးစဉ်မှာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ရေဘေးသင့်ခံရတဲ့ ပေါက်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးခင်မောင်ညိုတို့ လိုက်ပါသွားကြပါတယ်။ ဒီနှစ်မှာ လွှတ်တော်ကျင်းပနေစဉ်ကာလ မှာပဲ မြစ်ရေကြီးခြင်း၊ အခြားရေကြီးရေလျှံခြင်းများဟာ တိုင်းပြည်နဲ့အနှံ့ဖြစ်ခဲ့တာရှိပါတယ်။ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ အခုဆိုရင် မကွေးတိုင်း၊ ပခုက္ကူဒေသမှာဖြစ်ပေါ်ခဲ့ ပါတယ်။ အဲဒီလိုဖြစ်ပေါ်ခဲ့တဲ့နေရာမှာ မကွေးတိုင်းဒေသကြီးအတွင်းမှာ မိုးအဆက်မပြတ်ရွာသွန်းမှု

ကြောင့်နောက်ဆုံးရရှိထားတဲ့စာရင်းများအရဆိုရင် စုစုပေါင်း အိမ်ခြေပျက်စီးမှုဟာ ၂၂၀၈ အိမ်ဖြစ်ပါတယ်။ ရေမြုပ်အိမ်ခြေက ၄၅၁၀ ဖြစ်ပါတယ်။ လယ်ဧက ၁၂၀၊ ယာဧက ၁၄၀၊ သီးနှံစိုက်ပျိုးဖို့ မျိုးစပါးတင်းပေါင်းက သုံးသောင်းကျော်၊ အသေအပျောက်အနေနဲ့ စုစုပေါင်း ၉၂ ဦး၊ ဒီအထဲမှာ ပျောက်ဆုံးစာရင်းမပါပါဘူး။ နွားအနေနဲ့ ၄၀၅၊ ဆိတ် ၁၀၄၀၊ ဝက် ၁၄၈၊ ထွန်စက် တစ်စီး၊ ရေတင်စက် ငါးစီး၊ ရေစုပ်စက် ခြောက်စီး၊ တံတားကြီး ၁၀ စင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်းနဲ့ စာသင်ကျောင်း ရှစ်ကျောင်းပါဝင်ပါတယ်။ ဒီနေရာမှာ ကိုယ်ပိုင်ပစ္စည်းများမပါပါဘူး။ ဒါကြောင့် ဒီသတင်းကို မိမိတို့ လွှတ်တော်ဥက္ကဋ္ဌရရှိတဲ့အချိန်မှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အနီးမှာရှိတဲ့ ကိုယ်စားလှယ်များနှင့်ညှိနှိုင်းပြီး ဒီဖြစ်ပေါ်ခဲ့တဲ့ ဘေးအန္တရာယ်အတွက် မိမိတို့လွှတ်တော်အနေနဲ့ လည်းအထိုက်အလျောက် ပါဝင်ကူညီခြင်းအားဖြင့် ပြည်သူများကို လွှတ်တော်အနေနဲ့ အလေးထားရာ ရောက်စေနိုင်တယ်။ ဒါကြောင့်မို့လို့ ကူညီဖို့တိုင်ပင်တဲ့အခါမှာ ကူညီသင့်ကြောင်း ကူညီတဲ့အခါ မှာလည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်တဲ့အချိန်မှာ နေ့တွက်စရိတ်ငွေ တစ်သောင်းရပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့တွက်စရိတ်ငွေတစ်သောင်းကို ထည့်ဝင်ခြင်းအားဖြင့် ပြည်သူ့လွှတ်တော်အနေနဲ့ ၃၉.၅ သိန်းရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကိုတော့ ပါဝင်လှူဒါန်း ကူညီသင့်ပါတယ်ဆိုတဲ့အတွက် ကျွန်တော်တို့ဆုံးဖြတ်ချက်ချပြီးတော့ လှူခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာလည်း ဒီလိုလှူဒါန်းခြင်းဟာ ပြည်သူများကို အလေးထားစာနာထောက်ထားတဲ့သဘော ဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်ကျင်းပနေစဉ်ကာလမှာ ခုနကကျွန်တော်တင်ပြခဲ့တဲ့ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း နောက်တစ်ခါ မွန်ပြည်နယ်မှာလည်း အနည်းအကျဉ်းရှိခဲ့ပါတယ်။ အဲဒီအတိုင်းပဲ ရခိုင်ပြည်နယ်မှာလည်း အနည်းအကျဉ်းရှိပါတယ်။ အဲပြီးတဲ့အခါမှာ မကြာသေးခင်က ဧရာဝတီတိုင်းနဲ့ မန္တလေးတိုင်း၊ ကျောက်ဆည်ဒေသမှာလည်းဖြစ်ခဲ့ပါတယ်။ အဲဒီအတိုင်းပဲ စစ်ကိုင်းတိုင်းဘက်မှာလည်း ဖြစ်ခဲ့ပါတယ်။ ဖြစ်တဲ့နေရာမှာ လောလောဆယ် ထိခိုက်ဆုံးရှုံးမှုအများဆုံးကတော့ မကွေးတိုင်း ဒေသကြီးဖြစ်တဲ့အတွက် ကျွန်တော်တို့လွှတ်တော်အနေနဲ့တော့ မကွေးတိုင်းဒေသကြီးကို စာနာထောက်ထားသောအားဖြင့် ကူညီသင့်တယ်ဆိုတဲ့ စဉ်းစားဆုံးဖြတ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကို ကျွန်တော်မနေ့က တင်ပြဖို့ပါပဲ။ အချိန်ကြောင့် မတင်ပြနိုင်ပါဘူး။ ဒီလိုပဲ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့အရေး၊ ပြည်သူများရဲ့ဆန္ဒကို အလေးထားပြီးတော့ ဆောင်ရွက်နေတယ်ဆိုတာကို သိအောင်ကော၊ လက်တွေ့မှာ ကျင့်သုံးနိုင်အောင် ဒီနေ့တော့ နိုင်ငံတော်သမ္မတကြီးက မကွေးတိုင်းဒေသကို သွားရောက်ပြီးတော့ ရေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်က ဒုတိယ

ဥက္ကဋ္ဌနဲ့ ရွေးကောက်ခံရတဲ့ ပေါက်ဒေသက ကိုယ်စားလှယ် ဦးခင်မောင်ညိုတို့က ပါဝင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ ကိုယ်စား ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း အသိပေးတင်ပြခြင်းဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၅ အနေနဲ့ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**စစ်တောင်းမြစ်ကူးတံတား ဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးစွာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာ၍ ဘေးဘယာဝေးကွာစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်ကြီးမဲဆန္ဒနယ်က ဦးဉာဏ်ဆွေဝင်း ဖြစ်ပါတယ်။ ဒီနေ့ မေးမယ့်မေးခွန်းကို ကျွန်တော် လွန်ခဲ့တဲ့တစ်လခွဲလောက်က ကျွန်တော်တင်ထားခြင်း ဖြစ်ပါတယ်။ သာမန်အခြေအနေ၊ အချိန်အခါမှာ တင်ထားခြင်းသာဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိနိုင်ငံတော် မှာကြုံတွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်များနဲ့ ပတ်သက်လို့ ကျွန်တော် ဒီမေးခွန်းကို တင်ပြရတာ ပြည်သူ့လွှတ်တော်ကြီးကိုရော၊ နိုင်ငံတော်ပိုင်းကိုရော အင်မတန်မှ အားနာပါတယ်။ သို့သော်လည်းပဲ အစီအစဉ်မှာ ပါဝင်ပြီးဖြစ်တဲ့အတွက်ကြောင့် လိုအပ်သလို ကျွန်တော်အသိပေးတင်ပြရ ခြင်းဖြစ် ကြောင်းပဏာမအစီရင်ခံအပ်ပါတယ်။ ကျွန်တော်တို့ ကျောက်ကြီးမြို့နယ်ဟာလည်းပဲ ကျွန်တော်တို့ သောင်းကျန်းသူဘေးအန္တရာယ်ကြောင့် တော်တော်လေးအတိဒုက္ခရောက်ပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြီးခဲ့တဲ့နှစ်အတွင်းကပဲ နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ ဒီလမ်း၊ တံတားကွန်ရက်များနဲ့ပတ်သက်လို့ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိနေ တဲ့ဝေးလံခေါင်သီတဲ့ဒေသတွေနဲ့ နိုင်ငံတော်ရဲ့အလယ်လမ်းမကြီးတွေကို ဆက်သွယ်နိုင်အောင်ဆိုပြီး တော့မဟာဗျူဟာကျတဲ့ လမ်းတံတားကွန်ရက်တွေကို စတင်ပြီးတော့ ရေးဆွဲတည်ဆောက်ခဲ့တာဖြစ်ပါ တယ်။ ကျွန်တော်တို့ရဲ့ ကျောက်ကြီးမြို့နယ်အရှေ့ဘက်မှာရှိတဲ့ စစ်တောင်း-မုပ္ပလင်လမ်းမကြီးဟာ

ခိုင်မာတဲ့လမ်းအူကြောင်းနဲ့ တံတားတွေရှိခဲ့ပြီးတော့မှ တစ်နေ့မှာ ဒါနိုင်ငံတကာ ဆက်သွယ်သွားလာတဲ့အာဆီယံလမ်းမကြီးတစ်ခုဖြစ်မယ်လို့ ကျွန်တော်တို့ ကြိုတင်ပြီးတော့ သိရှိထားရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စစ်တောင်းမြစ်ကို ဗဟိုပြုပြီးတော့မှ မဟာဗျူဟာကျတဲ့ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းဒေသတွေနဲ့ လမ်းအလယ်အူကြောင်းကို ဆက်သွယ်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကူးလူးဆက်ဆံမှု၊ စီးပွားရေးအရ ကူးလူးဆက်ဆံမှု၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများနဲ့ နယ်မြေစိုးမိုးရေးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ဟာဖွံ့ဖြိုးတိုးတက်လာမယ်ဆိုပြီးတော့ နိုင်ငံတော်ကစေတနာနဲ့ ဒီအစီအစဉ်တွေကို ရေးဆွဲထားတယ်လို့သိရှိရပါတယ်။ ကျွန်တော်တို့ ကျောက်ကြီးမြို့နယ်ရဲ့ ဒီဘက်ကမ်းမှာရှိနေတဲ့ နယ်မြေခံတပ်ရင်း တစ်ရင်းနဲ့ စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့၊ မုန်းအထူးဒေသလို့ခေါ်တဲ့ မုန်းမြို့နယ်ခွဲတို့နဲ့ ဖြူးမြို့နယ်တို့ ဆက်သွယ်တဲ့အခါမှာ အရှေ့ဘက်ရဲ့ အရှေ့ရိုးမတောင်ကြောမှာရှိတဲ့ အရှေ့ဘက် တောင်ခြေပတ်လမ်း မဟာဗျူဟာလမ်းဟာ ဆက်သွယ်မှုရှိပြီးတော့မှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ သွားလာလွယ်ကူမှုတွေနဲ့ပိုပြီးတော့မှ အဆင်ပြေလာမှာဖြစ်တဲ့အတွက် ဒီစီမံကိန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ကြိုတင်ပြီးတော့သိရှိထားရပါမယ်။ သို့ဖြစ်ပါ၍ ဖြူးမြို့နယ်၊ ပန်းလောင်ရွာနှင့် ကျောက်ကြီးမြို့နယ်၊ မြွေတွင်းရွာကိုဆက်သွယ်ထားမယ့်လမ်းနဲ့ စစ်တောင်းမြစ်ကူးတံတားကို တည်ဆောက်ဖို့ အစီအစဉ်ရှိပါသလားဆိုတဲ့မေးခွန်းနဲ့ တကယ်လို့ ရှိမယ်ဆိုရင်လည်းပဲ အခြေအနေပေးတဲ့နေ့ မည်သည့်ကာလမှာ စတင်မည်ကိုသိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဆွေဝင်းမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့မေးမြန်းထားသော ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့လယ်ရှိ တံတားဟောင်းအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေး

ရေးနှင့် ကျောက်ကြီးမြို့နယ်နှင့် ဖြူးမြို့နယ်ကို ဆက်သွယ်သောလမ်းနှင့် စစ်တောင်း မြစ်ကူးတံတား တည်ဆောက်ပေးရေးကိစ္စအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းမိုင် ၀/၁-၀/၂ အကြားမှာရှိတဲ့ တံတားအမှတ် ၁/၁ ကျောက်ကြီးမြို့လယ်တံတားဟာ ခန်းဖွင့်အားဖြင့် ပေ ၃၀ နှစ်ခန်း၊ ပေ ၆၀ နှစ်ခန်းနဲ့ ပေ ၃၀ သုံးခန်း စုစုပေါင်းပေအရှည် ၂၇၀ တိတိ ဖြစ်ပါတယ်။ ဒီတံတားကို ဘေလီတစ်ထပ်တံတားအနေနဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီတံတားနဲ့ ပတ်သက်ပြီးတော့ ဘေလီတစ်လွှာတစ်ထပ်တံတားကြီး ပိုမိုခိုင်ခံ့စေရန်အတွက် ရည်ရွယ်ပြီးတော့ ပေ ၂၇၀ အနက်မှာ အလယ်က ၆၀ ပေ နှစ်ခန်းကို နှစ်လွှာတစ်ထပ်ဘေလီအဖြစ် ၂၀၀၇-၂၀၀၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ အဆင့်မြှင့်တင်တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ ရေလယ်တိုင်စင် သုံးတိုင်ကိုလည်း အသစ်တည်ဆောက်ခြင်း၊ သစ်သားယက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများ လဲလှယ်ခြင်းနှင့် သံထည်များဆေးသုတ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ တံတားကြီးပေါ်မှာတော့ နေ့စဉ်လူစီးဘတ်စ်ကား နှစ်စီး၊ ထော်လာဂျီငါးစီး၊ ကုန်တင်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်များသာဖြတ်သန်းသွားလာ၍ ယာဉ်သွားလာမှုနည်းပါးပါသဖြင့် ကျောက်ကြီးမြို့လယ်တံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တည်ဆောက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါဘူးခင်ဗျား။ ကျောက်ကြီးမြို့လယ်တံတားရဲ့ ဆွေးမြေ့နေသော သစ်သားထည်များအား လဲလှယ်ခြင်းနှင့် သံထည်များဆေးသုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေတောင်းခံပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကျောက်ကြီးမြို့နယ်နှင့် ဖြူးမြို့နယ်ကို တိုက်ရိုက် ဆက်သွယ်တဲ့လမ်းမရှိသေးပါဘူးခင်ဗျား။ ကျောက်ကြီးမြို့နယ်မှ ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းအတိုင်း စစ်တောင်းမြစ်ကို ဖြတ်ကျော်လျက် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင် ၁၂၂ ကို ရောက်ရှိပြီးတော့ အဲဒီကမှတစ်ဆင့် ပဲနွယ်ကုန်းမြို့သို့လာနိုင်ပြီး ပဲနွယ်ကုန်းမြို့မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း မိုင်တိုင် ၁၄၂ မှာရှိတဲ့ ဖြူးမြို့သို့ သွားလာနိုင်မှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ ပဲနွယ်ကုန်း-ကျောက်ကြီး လမ်းပေါ်မှာရှိတဲ့အရှည် ၂၇၀ ပေ ရှိစစ်တောင်းမြစ်ကူးတံတား (နတ်သံကွင်း) တံတားကြီးကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**မိုးကုတ်-မိုးမိတ်-မြစ်ဆုံ-မဘိမ်း-စီပိန်း-စီအူ-ဗန်းမော်လမ်းမကြီးကို အဆင့်မြှင့်တင်ပေးရန်နှင့်စပ်လျဥ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်လှိုင်၊ မဘိမ်းမဲဆန္ဒနယ်မှမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လှိုင်(မဘိမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်သို့ ဆက်သွယ် ထားသော မိုးကုတ်-မိုးမိတ်-မြစ်ဆုံ-မဘိမ်း-စီပိန်း-စီအူ-ဗန်းမော်လမ်းမကြီးကို နှစ်စဥ်ပြုပြင်ထိန်းသိမ်းမှု ရှိသော်လည်း မိုးရာသီတွင် ဆက်သွယ်သွားလာရေးအတွက် အလွန်ခက်ခဲလှပါတယ်။ အထူးသဖြင့် မြစ်ဆုံ-မဘိမ်း-စီပိန်း-စီအူလမ်းပိုင်းတွင် သွားလာရေးပိုခက်ခဲပါတယ်။ ဤလမ်းမကြီးနှင့် ပတ်သက်၍ ရာသီမရွေးသွားလာနိုင်ပါရန် အဆင့်မြှင့်တင်ပေးဖို့ အစီအစဥ်ရှိပါသလား။ အစီအစဥ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နည်းဟု မေးလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်ရဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မေးမြန်းသော မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်သို့ ဆက်သွယ်ထားသော မိုးကုတ်-မိုးမိတ်-မြစ်ဆုံ-မဘိမ်း- စီပိန်း-စီအူ-ဗန်းမော်လမ်းမကြီးကို ရာသီမရွေးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ပေးပါရန် အစီအစဥ်ရှိ၊မရှိနှင့် အစီအစဥ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်။ မရှိပါက

အဘယ့်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-မိုးကုတ်-မိုးမိတ်-မြစ်ဆုံ-မဘိမ်း-စီပိန်း-စီအူ-ဗန်းမော်လမ်းဟာ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ၈၈ မိုင်၊ ၆ ဖာလုံပါဝင်ပါတယ်။ ၃၁-၅-၂၀၁၁ ခုနှစ်နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၂၄ မိုင်၊ ကျောက်လမ်း ၄၈ မိုင်၊ အမာခံလမ်း ၁၅ မိုင် ၂ ဖာလုံ၊ မြေလမ်း ၁ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၈၈ မိုင် ၆ ဖာလုံ ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာကျောက်မဲခရိုင် အင်ဂျင်နီယာမှူးအဖွဲ့နှင့် မိုးမိတ်မြို့နယ်၊ လက်ထောက်အင်ဂျင်နီယာအဖွဲ့တို့မှ ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်ထားတဲ့လုပ်ငန်းများကတော့ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင်၊ ကျောက်ချောလမ်းခင်းခြင်း ၃ မိုင်၊ ပေ ၅၀ အောက်သစ်သားတံတားများ၏ ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများ ပြုပြင်လဲလှယ်ခြင်း ၇၃ စင်း၊ ပေ ၅၀ မှ ပေ ၁၀၀ အောက်သစ်သားတံတားများ၏ ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများပြုပြင်လဲလှယ်ခြင်း ၆ စင်း၊ ၁၀၀ ပေအထက် သစ်သားတံတားများ၏ ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများ ပြုပြင်လဲလှယ်ခြင်း ၂ စင်းတို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လမ်းတံတားအဆင့်မြှင့်တင်ဆောင်ရွက်ရန် ငွေလုံးငွေရင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံထားပြီး ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဟားခါး-မတူပီလမ်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်မြောက်ပိုင်းနဲ့တောင်ပိုင်း ဆက်သွယ်ထားတဲ့ အဓိကလမ်းမကြီးဖြစ်တဲ့ ဟားခါး-မတူပီ လမ်း ၁၇၃ မိုင်ကို ကတ္တရာစေးလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန်ကိစ္စပဲဖြစ်ပါတယ်။ အဆိုပါလမ်းကိစ္စနဲ့ ပတ်သက်ပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာလည်း ကျွန်တော် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဟားခါး-မတူပီလမ်းဟာဆိုရင် ချင်းပြည်နယ်အလယ်ဗဟိုမှာ

တည်ရှိပြီးတော့ အဲဒီလမ်းကို မှီခိုအားထားတဲ့ မြို့နယ်ခွဲအဆင့်ရှိ စေးခွားရွာကြီးနဲ့ အလယ်ရွာ၊ ရွာကြီး နောက်ပြီးတော့ ကျေးရွာပေါင်း ၆၁ ရွာခန့် ရှိပါတယ်။ အဲဒီလမ်းမကြီးဟာဆိုရင် ချင်းပြည်နယ်အထဲမှာ လူအများဆုံးနေထိုင်ရာဒေသလည်း ဖြစ်ပါတယ်။ ယင်းလမ်းမကြီးကို ကတ္တရာစေးလမ်းအဖြစ် တိုးမြှင့် ပေးပါက ချင်းပြည်နယ်ပြည်သူများအနေနဲ့ ကူးသန်းရောင်းဝယ်သွားလာနိုင်ကြမည့်အပြင် စီးပွားရေး၊ လူမှုရေးကိစ္စအဝဝမှာလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်လည်း အဓိကအထောက်အကူပြုမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဟားခါး-မတူပီလမ်းကို အဆင့်မြှင့်ကတ္တရာစေးလမ်းအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနဲ့ အကယ်၍ မရှိသေးပါကလည်း ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘတ်ဂျက်ရန်ပုံငွေကနေစတင်ပြီးတော့ စီစဉ်ဆောင်ရွက်ပေး သင့်ပါကြောင်း ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းရဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းသော ချင်းပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်းဆက်သွယ်ထားသည့် အဓိကလမ်းမကြီးဖြစ်သော ဟားခါး-မတူပီလမ်းအား ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိနှင့် အစီအစဉ် ရှိပါကလာမည့် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်မည့် အကြောင်းသိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါး-မတူပီလမ်းဟာ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ဟားခါးမြို့နှင့် မတူပီမြို့ကိုဆက်သွယ်ထားတဲ့ ဟားခါးမြို့ မိုင်တိုင်အမှတ် ၀/၄ မှ စတင်ပြီး အိုက်ကား မြို့၊ ရေဇွာမြို့တို့ကို ဖြတ်သန်းကာ မတူပီမြို့အထိ ၁၇၂ မိုင်နဲ့ ၇ ဖာလုံ ရှည်လျားပါတယ်။ ၃၁-၅-၂၀၁၁ နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၅ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၅၄ မိုင် ၃ ဖာလုံ၊ မြေလမ်း ၁၁၃ မိုင် ၂ ဖာလုံ၊ စုစုပေါင်း ၁၇၂ မိုင် ၇ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ မင်းတပ်ခရိုင်၊ အင်ဂျင်နီယာမှူးအဖွဲ့နဲ့ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့

၁၂ မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဆောင်သောအဖွဲ့တို့မှ ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ထားရှိပါတယ်။

သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၁၇၂ မိုင် ၇ ဖာလုံ၊ မြေလမ်းမျက်နှာပြင်ပြုပြင်ခြင်း ၃၇ မိုင် ၆ ဖာလုံ၊ လမ်းကျဉ်းနေရာများတွင် လမ်းတာပေါင်ချဲ့ခြင်း ၁၃ မိုင် ၄ ဖာလုံ၊ မိုးရာသီ တောင်ပြိုမြေ ဖယ်ရှားခြင်းမြေကြီးကျင်းပေါင်း ၅၀၀၀ ကျင်း၊ ကတ္တရာခင်းခြင်း ၄ ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်း ၃ မိုင် ၇ ဖာလုံ၊ လမ်းများပျက်သဖြင့် ကားများသွား၍ရအောင် ဘီးလမ်းများကျောက်ဖြည့်ခြင်း ၇၄၅ ပေ၊ တံတားကြမ်းခင်းလဲလှယ်ခြင်း တစ်စင်း၊ သစ်မာကြမ်းခင်းရေထုတ်ပွန်ပြုလုပ်ခြင်း တစ်ခု၊ သစ်မာ တံတားတည်ဆောက်ခြင်း တစ်စင်း၊ သံကူကွန်ကရစ်ကြမ်းခင်း ရေထုတ်ပွန်ပြုလုပ်ခြင်း တစ်ခု၊ ကျောက်စီ သစ်မာခင်းရေထုတ်ပွန်ပြုလုပ်ခြင်း ၂၂ ခု၊ ရေထုတ်ပွန်ပါ ကျောက်စီမြေကာနံရံပြုလုပ် ခြင်း ၂၀ ခု၊ ကျောက်စီမြေကာနံရံပြုလုပ်ခြင်း တစ်ခု၊ မြောခရစ်ရိုက်ခြင်း ရှစ်ခု တို့ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လမ်းတံတားအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ငွေလုံးငွေရင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစား စွာရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**မန်တုံ-မိုးမိတ်၊ မန်တုံ-မိုင်းဝီး-နမ့်ခမ်း ကားလမ်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးအိုက်မုန်း၊ မန်တုံမဲဆန္ဒနယ်မှ ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအိုက်မုန်း(မန်တုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမဲဆန္ဒနယ်မှ ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မုန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကို ဖတ်ကြား တင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နဲ့ မန်တုံမြို့နယ်တို့ဟာ သွားရေးလာရေးခက်ခဲတဲ့ ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း တို့ကြောင့် တရားမဝင်မူးယစ်ဆေးဝါးများရောင်းဝယ်ဖောက်ကား ရာတွင် သယ်ဆောင်ဖြတ်သန်းရန် လမ်းကြောင်းသဖွယ်ဖြစ်နေသကဲ့သို့ တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးများလည်း မူးယစ်ဆေးဝါး သုံးစွဲမှုများ များပြားလာပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအကျင့်စရိုက်နဲ့လုံခြုံရေးကိုပါ

ဆိုးဝါးစွာ ထိခိုက်ပျက်စီးလာသည် ကိုတွေ့ရပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဒေသအသီးသီး တို့တွင် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီး နှိမ်နှင်းရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို လူကောင်းသူကောင်းဖြစ်လာစေရေးအတွက် ပြန်လည်ထူထောင်ရေးနဲ့စောင့်ရှောက်ရေးလုပ်ငန်းစဉ် များကို ဆောင်ရွက်နေကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြောကြားသည့်အတွက် ပြည်သူလူထု ကိုယ်စားဝမ်းမြောက်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မန်တုံမြို့နယ်သည် မြို့သစ်အဖြစ် ထူထောင်နေရတဲ့ မြို့တစ်မြို့ဖြစ်တဲ့အလျောက် လူနေအိမ်ခြေ ၇၀၀ ခန့်ရှိပြီး ပလောင်၊ ရှမ်း၊ ကချင်၊ လီဆူး တိုင်းရင်းသားပေါင်းစုံနေထိုင်သော မြို့တစ်မြို့ဖြစ်ပါတယ်။ မန်တုံမြို့မှာတပ်မတော်တပ်ရင်း၊မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့ဌာန၊ဌာနေပြည်သူ့စစ်နဲ့ဌာနဆိုင်ရာရုံးများ ရှိပါတယ်။ သို့သော် မြို့အင်္ဂါရပ်နဲ့မပြည့်စုံသေးပါ။ မြို့အင်္ဂါရပ်နဲ့ ပြည့်စုံစေရေးအတွက်(က) မြို့တွင်း လမ်းမ ၁ မိုင် ၄ ဖာလုံအား ကတ္တရာခင်းပေးရန်၊ (ခ) မန်တုံမြို့ကျက်သရေဆောင်ခန်းမတစ်ခု ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါတယ်၊ (ဂ) ဟောင်းနွမ်းယိုယွင်းပျက်စီးနေသော ဘုန်းကြီးကျောင်း တစ်ခုကို အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မန်တုံမြို့နယ်သည် ဒေသထွက်ကုန် လက်ဖက်နဲ့ ဒေသစားသောက်ကုန်များအတွက် ဆက်သွယ်ရန်လမ်းကြောင်းမှာ မန်တုံ-မိုးမိတ်မြို့သို့ မြေသား ၅၇ မိုင်၊ မန်တုံ-ပိုင်ဝေး-နမ့်ခမ်းမြေသားကားလမ်း ၈၃ မိုင်ခန့်ရှိပါတယ်။ ဒေသထွက်ကုန်များ အချိန်မီပို့ဆောင်နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမှဖြစ်ပြီး လမ်းများရာသီမရွေး ကောင်းမွန်မှ အဆင်ပြေမှာဖြစ်ပါတယ်။ အထက်ဖော်ပြပါ လမ်းများအနေဖြင့် မြို့တွင်းတွင် သွားလာရေး ခက်ခဲပြီး ပွင့်လင်းရာသီလောက်မှသာ သွားလာနိုင်တဲ့လမ်းတွေဖြစ်ပါတယ်။ အကယ်၍ ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဆင့် တိုးမြှင့်ခင်းကျင်းပေးပါက မန်တုံမြို့အနေဖြင့် စားဝတ်နေရေး အတွက် တိုင်းရင်းသားပြည်သူများ အဆင်ပြေစွာ နေထိုင်ကြရမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်

တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မုန်း၏ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းသော မန်တုံမြို့နယ်၏ ဒေသထွက်ကုန် လက်ဖက်နှင့် ဒေသစားသောက်ကုန်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ ဒေသထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီပို့ဆောင်နိုင်ရေးအတွက်လည်းကောင်း၊ မန်တုံ-မိုးမိတ် မြေသားကားလမ်း ၅၇ မိုင်နှင့် မန်တုံ-မုံးဝီး-နမ့်ခမ်း မြေသားကားလမ်း ၈၃ မိုင်တို့ကို ရာသီမရွေး သွားလာနိုင်သည့်ကျောက်ချောလမ်း အဆင့်တိုးမြှင့်ခင်းကျင်းရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန်ကစပြီး ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်အတွင်းရှိ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ မန်တုံမှမိုးမိတ်သို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ မန်တုံ-မိုးမိတ်လမ်းအား မြေသားလမ်းဖောက်လုပ်ခြင်းကို ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့ပြီးမြေသားလမ်းအဆင့် ၅၈ မိုင်၊ ကျောက်လမ်း ၇ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးမှစတင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်ခဲ့ရာ ၃၁-၅-၂၀၁၁ နေ့အထိ လမ်းအခြေအနေ ကတော့ကျောက်လမ်း ၂၇ မိုင် ၄ ဖာလုံ၊ မြေလမ်း ၃၀ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၅၈ မိုင်ဖြစ်ပါတယ်။ မန်တုံ-မိုးမိတ်လမ်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့-၁ မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့်အဖွဲ့က ခွဲဝေရရှိတဲ့သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနဲ့ လုပ်ငန်းများဆောင်ရွက်ခဲ့ရာမှာ လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၅၈ မိုင်၊ ၁၀ ပေအရှည် သစ်သားတံတားများရဲ့ ကြမ်းခင်းနဲ့ဘီးလမ်းများလဲလှယ်ခြင်း ၁၈ စင်း၊ ၁၅ ပေ အရှည် သစ်သားတံတားများ၏ယက်မ၊ ကြမ်းခင်းနှင့်ဘီးလမ်းများလဲလှယ်ခြင်းငါးစင်း၊၂၀ ပေ အရှည်သစ်သား တံတား များ၏ဆွေးမြေ့နေသော ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများလဲလှယ်ခြင်း ငါးစင်း။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲခရိုင်အတွင်းမှာရှိတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်သော မန်တုံ မြို့နဲ့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့ကို ဆက်သွယ်ထားတဲ့ မန်တုံ-မုံးဝီး-နမ့်ခမ်း လမ်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ၁၉၉၆-၁၉၉၇

ဘဏ္ဍာရေးနှစ်မှစတင်ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့စဉ် ကာလအတွင်းမှာ မူလမြေသားလမ်းအဆင့်မှ ကျောက်ခင်းခြင်းလမ်းအဆင့်အထိ ၆ မိုင် ၂ ဖာလုံနဲ့ မန်တုံ-မုံးဝီးလမ်းအပိုင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်ခဲ့ရာ ၃၁-၅-၂၀၁၁ နေ့ အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၁ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၂ မိုင် ၄ ဖာလုံ၊ မြေလမ်း ၇၄ မိုင် ၆ ဖာလုံ စုစုပေါင်း ၈၄ မိုင် ၆ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)၊ ဒုတိယအင်ဂျင်နီယာမှူးကြီး နှင့် အဖွဲ့မှခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါ တယ်။ လမ်း-တံတား သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၈၄ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်းပေါက်ဖာထေး ခြင်း စုစုပေါင်း ၃၇၀၀ စတုရန်းပေ၊ လမ်းဘေးဝဲ/ယာ ရေမြောင်းတူးခြင်း ၅ ဖာလုံ၊ မိုင် ၂/၀ မှ ၃/၀ အတွင်း ၂၀ ပေအရှည် သစ်သားတံတားနှင့် ၄၀ ပေအရှည်သစ်သားတံတားတို့ရဲ့ ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများလဲလှယ်ခြင်း နှစ်စင်း၊ မိုင် ၆/၀ မှ ၇/၀ အတွင်း ကွန်ကရစ်ရေပြွန် တည်ဆောက်ခြင်း နှစ်စင်း၊ မိုင် ၈/၅ မှ ၈/၆ အတွင်း (၅ ပေ x ၅ ပေ x ၂၄ ပေ)ရှိတဲ့ သံကူကွန်ကရစ်တံတားတည်ဆောက် ခြင်းတစ်စင်းတို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန်တုံ-မိုးမိတ် လမ်းနဲ့ မန်တုံ-မုံးဝီး-နမ့်ခမ်းလမ်းတို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လမ်း-တံတား အဆင့်မြှင့်တင်ဆောင်ရွက်ရန် သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက် သွားမှာဖြစ်ပါကြောင်း ရိုသေလေးစားစွာ ရှင်းလင်းတင်ပြ အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြ ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် တင်ပြမယ့်မေးခွန်းကတော့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သောမေးခွန်း

ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်၏မေးခွန်းကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အများပြည်သူများ၊ ဌာနဆိုင်ရာများ၊ အစိုးရစက်ရုံ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များစသည်တို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး လျက်ရှိသည်ကိုတွေ့ရပါတယ်။ ယင်းကဲ့သို့ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲစက်ရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းခွဲများနဲ့ ဓာတ်အားခွဲစက်ရုံများကို စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

တဖန် နိုင်ငံတော်ဓာတ်အား မရောက်ရှိသေးသော ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး စသည့်ဒေသများသို့လည်း မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ကာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံကိန်းများချမှတ် အကောင်အထည်ဖော် စီစဥ်လျက်ရှိသည်ကိုလည်း ပြည်သူ့လွှတ်တော်တွင် ရှင်းပြမှုများအရ သိရှိရပါတယ်။ ထို့အပြင် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်ဆက်စပ်ပြီး မဟာဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိ ရပါတယ်။ မြို့ရွာများ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးသာမက ကျေးလက်ဒေသများသို့ပါ နိုင်ငံတော် ဓာတ်အားမှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက်သွားမည်ဟုသိရပါတယ်။ ယင်းကဲ့သို့ စီမံကိန်းများအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်မှ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာနှင့် မြန်မာကျပ်ငွေ ဘီလီယံပေါင်းမြောက်မြားစွာ ရင်းနှီးမြှုပ်နှံခွင့်ပြုပေးနေ သည်ကိုလည်းသိရှိရပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားကို နိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချပေးပြီး နိုင်ငံတော်ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနေရသော စီးပွားရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည်ကိုလည်းသိရှိရပါတယ်။ သို့ပါ၍ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအတွက် ယခုလက်ရှိ အခြေအနေတွင် နိုင်ငံတော်မှ စီမံကိန်းကြီးများအကောင်အထည်ဖော်ရန် ခွင့်ပြုပေးသောရန်ပုံငွေ အသုံးစရိတ်များနှင့် ဝန်ကြီးဌာနမှပြန်လည်ရှာဖွေပေးသောဝင်ငွေများ အခြေ အနေမည်သို့ရှိသည်ကို သိရှိလိုပါသဖြင့် ဖြေကြားပေးပါရန် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေဖြင့် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် မေးမြန်းသောမေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့လုပ်ငန်းတာဝန်တွေကတော့ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို ထုတ်လုပ်ခြင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားကိုဝယ်ယူပြီးတော့ နိုင်ငံတော်တစ်ဝန်းလုံးကို ဓာတ်အားဖြန့်ဖြူးပေးတဲ့လုပ်ငန်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိတဲ့ နည်းလမ်းတွေကတော့ မဟာဓာတ်အားလိုင်းတွေ ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ပြီးတော့ ဓာတ်အားဖြန့်ဖြူးပေးခြင်း ဝေးကွာသောအရပ်ဒေသတွေမှာ အသေးစားရေအားလျှပ်စစ်စက်ရုံများ၊ ဒီဇယ်အင်ဂျင်စက်များနဲ့ ဓာတ်အားပေးခြင်းနဲ့ ပြည်သူများပါဝင်သော မီးလင်းရေးကော်မတီများဖွဲ့စည်းပြီးတော့ ဓာတ်အားပေးခြင်းနှင့် တချို့ဒေသတွေမှာ အိမ်နီးချင်းနိုင်ငံတွေကနေပြီးတော့ ဓာတ်အားကိုဝယ်ယူပြီးတော့ ဓာတ်အားပေးတဲ့နည်းလမ်းများပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ တိုင်းဒေသကြီး/ပြည်နယ်ရုံးစိုက်ရာ ၁ဝ မြို့အပါအဝင် မြို့ပေါင်း ၃ဝ၂ မြို့ကို ကျေးရွာပေါင်း ၁၄၆၈ ကို နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားပေးထားပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံးစိုက်ရာ မြို့လေးမြို့အပါအဝင် မြို့ပေါင်း ၂၁၁ မြို့၊ ကျေးရွာပေါင်း ၅၃၂၀ ရွာကို အသေးစားရေအားလျှပ်စစ်ဒီဇယ်စက်များနဲ့ ဓာတ်အားပေးထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း ကျေးရွာပေါင်း ၆၄၃၄၆ ရွာရှိသည့်အနက် လျှပ်စစ်ဓာတ်အားရရှိနေတဲ့ရွာပေါင်းဟာ ၆၇၈၉ ရွာ၊ ၁ဝ.၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားမရသေးတဲ့ရွာပေါင်းဟာ ၅၇၅၅၇ ရွာ၊ ၈၉.၅ ရာခိုင်နှုန်းရှိပါတယ်။

ဒါ့အပြင် တစ်နိုင်ငံလုံးရဲ့ အိမ်ထောင်စုဦးရေဟာ ၈၉ဝ၅၆၇၄ ရှိတဲ့အနက် ၂ဝ၁၁ ခုနှစ်၊ ဇူလိုင်လမှာ လျှပ်စစ်မီတာပေါင်း ၂၂၇၃၇၃၄ လုံးတပ်ဆင်ပြီးတဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးရဲ့ ဓာတ်အားသုံးစွဲမှုဟာ ၂၆ ရာခိုင်နှုန်းရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ လူမှုရေးကဏ္ဍစသည့် ကဏ္ဍအတွက်အလိုအပ်ဆုံးသော အထောက်အကူပြုတဲ့ လျှပ်စစ်ဓာတ်အားဟာ နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိပါတယ်။ ၁၉၈၈ ခုနှစ်

မတိုင်မီက တစ်နိုင်ငံလုံးမှာ စက်တပ်ဆင်အင်အား ၆၅၁.၇ မဂ္ဂါဝပ် ရှိပြီးတော့ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ စက်တပ်ဆင်အင်အားဟာ ၃၄၆၀.၉၈ မဂ္ဂါဝပ်အထိတိုးတက်လာပြီဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို ပြည်သူအများ အသုံးပြုနိုင်ရန်အတွက် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ မဟာဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံကြီးတွေ၊ ဓာတ်အားဖြန့်ဖြူးရေးတွေကိုတိုးချဲ့ပြီးတော့ နိုင်ငံတော်က နေပြီးတော့ နှစ်စဉ်ဘဏ္ဍာရေးအလိုက် ခွင့်ပြုတဲ့ငွေလုံးငွေရင်းအသုံးစရိတ်နဲ့ ရင်းနှီးမြှုပ်နှံရပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့အနေနဲ့ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ ၄၃၅.၂၂၇ သန်းနဲ့ မြန်မာကျပ်ငွေ ၂၃၀ ဘီလီယံကို သုံးစွဲခဲ့ရပါတယ်။ တစ်နိုင်ငံလုံး အသုံးပြုလျက်ရှိတဲ့ လျှပ်စစ်ဓာတ်အားများအနက် ရေအားလျှပ်စစ်က ၇၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့စက်ရုံက ၂၀ ရာခိုင်နှုန်းနဲ့ ရေနွေးငွေ့ဓာတ်အားပေးစက်ရုံက ၇.၇ ရာခိုင်နှုန်း၊ ဒီဇယ်အင်ဂျင်စက်များက ၀.၃ ရာခိုင်နှုန်းအသီးသီး ထုတ်လုပ်ပေးလျက်ရှိပါတယ်။ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၄ ရုံနှင့် တီကျစ် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံတို့မှ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၄၇၄၂ သန်း ထုတ်လုပ်ယူနိုင်ခဲ့ပြီးတော့ တစ်ယူနစ်ရဲ့ကုန်ကျစရိတ်ဟာ ၂၁ ကျပ်နဲ့ ၈၇ ပြားဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၁၀-၂၀၁၁ အတွင်းမှာ ခန့်မှန်းကျပ်သန်းပေါင်း ၈၈၇၀ ခန့်အရှုံးခံပြီးတော့ ဓာတ်အားထုတ်လုပ်ပေးခဲ့ရကြောင်းလည်း သိရှိရပါတယ်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ လျှပ်စစ်ဓာတ်အားရောင်းချရတဲ့ငွေနဲ့ လစာတွေ၊ လုပ်ခတွေစက်လည်ရန် လောင်စာဖိုးတွေ၊ စက်ပစ္စည်း ဓာတ်အားလိုင်းတွေနဲ့ ခွဲရုံတွေစတဲ့ ပြုပြင်ထိန်းသိမ်းရေးတွေကို ဆောင်ရွက်ရပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကဝယ်ယူတဲ့ ဓာတ်အားခ၊ သဘာဝဓာတ်အားပေးစက်ရုံများအတွက် ဓာတ်ငွေ့များကိုရောင်းချပေး၍ရတဲ့ အခွန်အခများ၊ အသုံးစရိတ်များအတွက်ပေးချေခြင်း စတာတွေကိုသုံးစွဲရပါတယ်။ ဓာတ်အားဝယ်ယူရာမှာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တစ်ယူနစ်ကို ၂၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေလီ အမှတ်(၁) ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်မှ တစ်ယူနစ်ကို ၀.၁၈၉ ရင်မီယွမ်ဖြင့်လည်းကောင်း ဝယ်ယူရပါတယ်။ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ စက်လည်ပတ်ရန်အတွက် သဘာဝဓာတ်ငွေ့များကို စွမ်းအင်ဝန်ကြီးဌာနက ဝယ်ယူပြီးတော့မှ စက်ရုံများကို ထုတ်လုပ်တဲ့အခါမှာ ကုန်ကျစရိတ်ဟာ တစ်ယူနစ်ကို ၁၂.၁၉ ကျပ်ကုန်ကျပါတယ်။ ဒါကြောင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တစ်ယူနစ်ပျမ်းမျှကုန်ကျစရိတ်ဟာ ၇၂ ကျပ်ခန့်ရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒီကုန်ကျစရိတ်ဟာ လက်ရှိ

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားဝယ်မှုနှုန်းထားအပေါ်မှာ အခြေခံပြီးတွက်ချက်ထားတာဖြစ်ပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ဓာတ်အားတစ်ယူနစ်ရောင်းဈေးအပေါ်မူတည်ပြီး ကုန်ကျစရိတ်ဟာလည်း ပြောင်းလဲသွားမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ဓာတ်အားခကောက်ခံတဲ့နှုန်းထားဟာ အိမ်သုံးတစ်ယူနစ်ကို ရောင်းဈေး ၂၅ ကျပ်၊ စက်မှုသုံးတစ်ယူနစ်ကိုရောင်းဈေးနှုန်း ၅၀ ကျပ်နှုန်းဖြစ်ရာ ပျမ်းမျှတစ်ယူနစ်ရောင်းဈေး ၃၇.၆ ကျပ်ခန့်ရှိပြီးတော့ အမေရိကန်ဒေါ်လာနဲ့ တွက်မယ်ဆိုရင် ၄.၇ ဆင့်ခန့်ရှိပါတယ်။ အိမ်နီးချင်း ပတ်ဝန်းကျင်နိုင်ငံများနဲ့ တိုးတက်ပြီးနိုင်ငံများရဲ့ လျှပ်စစ်ဓာတ်အားခပျမ်းမျှတစ်ယူနစ် ရောင်းဈေးများ ဟာ ထိုင်းနိုင်ငံမှာ ၈.၉၁ ဆင့်၊ ၇၁.၂၈ ကျပ်၊ ဗီယက်နမ်နိုင်ငံ မှာ ၅.၄၂ ဆင့်၊ ၄၃.၃၆ ကျပ်၊ လာအိုနိုင်ငံမှာ ၆.၃၉ ဆင့်၊ ၅၁.၁၂ ကျပ်၊ ကမ္ဘောဒီယားနိုင်ငံမှာ ၂၀.၅၄ ဆင့်၊ ၁၆၄.၃၂ ကျပ်၊ အိန္ဒိယနိုင်ငံမှာ ၇၂.၄၂ ဆင့်၊ ၅၉.၃၆ ကျပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ၇.၆၆ ဆင့်၊ ၆၁.၂၈ ကျပ်၊ ဂျပန်နိုင်ငံမှာ ၁၈.၉၁ ဆင့်၊ ၁၅၂.၂၈ ကျပ်နဲ့ ကိုရီးယားနိုင်ငံမှာ ၅.၉၆ ဆင့်၊ ၄၇.၆၈ ကျပ် အသီးသီး ဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ဓာတ်အားခ ပျမ်းမျှတစ်ယူနစ်ရောင်းဈေးမှာ အသက်သာဆုံးနဲ့ အနည်းဆုံးဖြစ်ပါတယ်။ ၎င်းဈေးနှုန်းထားဖြင့် ရောင်းချရသဖြင့် တစ်နှစ်လျှင် မြန်မာကျပ်ငွေ ၂၆၁.၃၂၄ ဘီလီယံခန့်အရှုံးခံ ပြီးဓာတ်အားရောင်းချနေကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် ဓာတ်အားခရောင်းရငွေများဟာ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုအား ဆောင်ရွက်နိုင်ခြင်းမရှိသည်သာမက လက်ရှိလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနဲ့ ပြည်သူများသို့ ပုံမှန်ဖြန့်ဖြူးခြင်း လုပ်ငန်းများအတွက်ပင် နိုင်ငံတော်မှအရှုံးခံ၍ ဆောင်ရွက်နေရတာကိုတွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား တစ်နေ့တစ်ခြားတိုးတက် အသုံးပြုလာနေသဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ၊ မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးဓာတ်အားခွဲရုံများကိုလည်း မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းနဲ့သာမန်အသုံးစရိတ် စုစုပေါင်း မြန်မာငွေကျပ် ၂၈၁.၈၈၂ ဘီလီယံနဲ့နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၅၇၀.၈၉၄ သန်းခန့်သုံးစွဲရ ပြီးတော့ ပြန်လည်ရရှိတဲ့ဝင်ငွေမှာ မြန်မာကျပ်ငွေ ၂၄၂.၇၆၇ ဘီလီယံနဲ့ အမေရိကန်ဒေါ်လာ ၂၀.၀၂၃ သန်းသာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ မြောက်မြားစွာရင်းနှီးမြှုပ်နှံရသဖြင့် နိုင်ငံတော်ရဲ့ရန်ပုံငွေမျှဖြင့် လုံလောက်မှုမရှိတာကြောင့် ပြည်ပအကူအညီအထောက်အပံ့များကိုလည်း ရရှိရန်စီစဉ်ဆောင်ရွက်ရပါတယ်။ နိုင်ငံတော်အနေနဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၅၉.၆၄ သန်းရယူဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို

ဆောင်ရွက်ခဲ့တာကြောင့်လည်း ယခုကာလအတွင်း ပြည်သူတို့လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ အသုံးပြုနေနိုင်ခြင်း ဖြစ်ပါတယ်။ လာမည့်ဘဏ္ဍာရေးနှစ်များမှာလည်း ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၉၂.၅၉ သန်း ဖြင့်တိုးချဲ့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား လိုအပ်ချက်ဟာ ၁၆၀၀ မဂ္ဂါဝပ်ရှိနေပြီဖြစ်ပါတယ်။ လူဦးရေတိုးတက်မှုနှင့် စီးပွားရေး၊ လူမှုရေးတိုးတက်မှုအခြေအနေများအပေါ် မူတည်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင်တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပမာဏဟာ အနည်းဆုံး ၂၆၀၀ မဂ္ဂါဝပ်ခန့်လိုလာမှာဖြစ်ပါတယ်။

ဒါကြောင့် ငါးနှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားပမာဏ ၁၀၀၀ မဂ္ဂါဝပ်ခန့် တိုးချဲ့တည်ဆောက်ပြီးတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးကို မဖြစ်မနေလိုအပ်လာမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်ရန် မဟာဓာတ်အားလိုင်းများ ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းဆောက်ရွက်မှာဖြစ်ပါတယ်။ ခန့်မှန်းတွက်ချက်မှုအရ ၁၀၀ မဂ္ဂါဝပ်ပမာဏရှိတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နဲ့ ပို့လွှတ်ရန်၊ ဖြန့်ဖြူးရန် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၅၀ ခန့် အနည်းဆုံး လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ငါးနှစ်တာကာလအတွင်း တိုးချဲ့ရမယ့်ဓာတ်အားပမာဏ ၁၀၀၀ မဂ္ဂါဝပ်အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၅၀၀ ခန့် ရင်းနှီးမြှုပ်နှံရမှာဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဆောလျင်စွာ ဖြည့်ဆည်းပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုပမာဏမြောက်မြားစွာလိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ မြောက်မြားစွာရရှိနိုင်မှသာ လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး၊ ဓာတ်အားစနစ် ပိုမိုကောင်းမွန်လာရေး၊ ကျေးလက်ဒေသအထိ ဓာတ်အားလိုင်းများ ရောက်ရှိနိုင်စေရေးတို့အတွက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီးမှာ တည်ဆောက်ထားတဲ့ စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်ရှိတဲ့ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်ကစပြီး နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၃၀ ခန့်နဲ့ မြန်မာကျပ်ငွေ ဘီလီယံပေါင်း ၃၀၀ ခန့်ရင်းနှီးကြောင်းတွေ့ရှိရပါတယ်။ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက ထွက်လာတဲ့ လျှပ်စစ်ဓာတ်အားများကို ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဓာတ်အားသုံးစွဲသူ ပြည်သူတွေရဲ့နေအိမ်ကို ရောက်ဖို့အတွက် မိတ္ထီလာ၊ သပြေဝဓာတ်အားခွဲရုံကတစ်ဆင့် ပင်မဓာတ်အားခွဲရုံပေါင်း ၁၄ ရုံနဲ့ ၂၃၀ ကေဗွီမဟာလိုင်း မိုင်အရှည် ၄၀၀ ခန့်ကိုဖြတ်သန်းလာရပါတယ်။ အဲဒီ ပင်မဓာတ်အားခွဲရုံကြီးရဲ့ ဓာတ်အားလိုင်းတွေကို နိုင်ငံတော်ကနိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၄၅ သန်းခန့်နဲ့ မြန်မာကျပ်ငွေဘီလီယံပေါင်း ၄၀

ဘီလီယံခန့်သုံးစွဲပြီး ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ရပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှာလည်း ဓာတ်အားဖြန့်ဖြူးရေးလိုင်း မိုင်ပေါင်း ၅၅၀၀ ခန့်နဲ့ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံပေါင်း ၇၉၀၀ ခန့်တို့ကို တည်ဆောက်ပေးရပါတယ်။ အဲဒီဓာတ်အား ဖြန့်ဖြူးရေးလိုင်းတွေ၊ ခွဲရုံတွေကို နိုင်ငံတော်က နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း၂၀၀ ခန့်နဲ့ မြန်မာကျပ်ငွေဘီလီယံပေါင်း ၄၂၀ ရင်းနှီးမြှုပ်နှံပြီးမှသာလျှင် ရန်ကုန်မြို့ကို ဒီလျှပ်စစ်ဓာတ်အားဟာရောက်ရှိပြီးတော့ ပြည်သူသုံးစွဲနိုင် တာကိုတွေ့ရမှာဖြစ်ပါတယ်။

ဒါ့အပြင် အဆိုပါရင်းနှီးမြှုပ်နှံမှုဟာ ပြည်ပအထောက်အပံ့များကိုရယူရတာဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရင်းအနှီးပမာဏ မြောက်မြားစွာလိုအပ်မှာ ဖြစ်တာကြောင့် ရန်ပုံငွေခွဲဝေပေးနိုင်မှုနည်းပါက စီမံကိန်းများအကောင် အထည်ဖော်ရန်အချိန်ကြာ မြင့်မှာဖြစ်ပါတယ်။ မိမိတို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ မိမိတို့ရရှိတဲ့ ဝင်ငွေများဖြင့် တိုးချဲ့ရင်းနှီး မြှုပ်နှံမှုများကိုပြုလုပ်ရန် လုံလောက်မှုမရှိပါက နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဘီလီယံပေါင်း မြောက်မြားစွာအရှုံးခံ၍ ဆောင်ရွက်ပေးရသဖြင့် မိမိတို့ရရှိတဲ့ လျှပ်စစ်ဓာတ်အားရောင်းချရ သည့်ဝင်ငွေများဟာ ဝန်ကြီးဌာနများအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သင့်တင့်မျှတတဲ့ဝင်ငွေဖြစ်ရန် လိုအပ်ပါတယ်။ ယခု ကျင်းပပြုလုပ်နေတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးကာလများမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လျှပ်စစ်ဓာတ်အားများ တိုးချဲ့တည်ဆောက်ပေးဖို့ တင်ပြချက်များဟာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးကို အထူးစေတနာ ထားတင်ပြချက်များ ဖြစ်တယ်ဆိုတာကိုသိရှိရပါတယ်။

အထက်ပါ အခြေအနေများအား ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် လက်ရှိကောက်ခံနေတဲ့ ဓာတ်အားခနှုန်းထားဟာ အလွန်နည်းပါးနေပါတယ်။ ဓာတ်အားခနှုန်းထားများ တိုးတက်ကောက်ခံ နိုင်ရေးအတွက် ပြင်ဆင်သွားရန် လိုအပ်လာပြီဖြစ်ပါသဖြင့် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတို့မှလည်း မိမိတို့ဒေသများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေး စေတနာထားတဲ့အလျောက် နိုင်ငံတော်ရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ဝိုင်းဝန်း ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုအပ်မှာဖြစ်ပါကြောင်းတင်ပြရင်း ကျွန်တော့်ရဲ့ဖြေကြားချက်ကို နိဂုံးချုပ်တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၁း၄၀ နာရီတွင် ပြန်လည်စတင်ပါမယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)။** ။မင်္ဂလာအပေါင်းနဲ့ ပြည့်စုံခညောင်းပါသော အချိန်အခါသမယမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကျွန်တော့်ရဲ့ မေးခွန်းကို မအားမလပ်တဲ့ကြားထဲကနေ လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စု ဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပြင်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် တင်ပြ မေးမြန်းသွားမယ့်မေးခွန်းကတော့ ကျွန်တော်တို့ရဲ့ မိုင်းပြင်းမြို့ရဲ့ လျှပ်စစ်ဓာတ်အား အလုံအလောက် ရရှိရေးအတွက် ပြည်သူလူထုရဲ့အသံကို နာခံပြီးတော့မှ မေးမြန်းမယ့်မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်တော် တို့ရဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမြို့လေးဟာ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းမပေါ်မှာရှိတဲ့ ပြည်ထောင်စုကားလမ်းမကြီးပေါ်မှာတည်ရှိတဲ့ မြို့ငယ်လေးတစ်မြို့ ဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အမြင့် ၁၅၁၈ ပေမှာတည်ရှိပြီးတော့မှ သဘာဝအရင်းအမြစ်ကောင်းတွေ ဖြစ်တဲ့ တောတောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ မြစ်ရေ၊ ချောင်းရေများ အင်မတန်မှပေါများလှပါတယ်။ မိုင်းပြင်းမြို့ဟာ ရပ်ကွက်သုံးရပ်ကွက်ရှိပြီး ကျေးရွာအုပ်စုပေါင်း ၃၁ အုပ်စုရှိပါတယ်။ မိုင်းဆတ်ခရိုင် အတွင်းမှာတည်ရှိပြီးတော့ များသောအားဖြင့် တောင်သူလယ်သမား၊ လယ်ယာလုပ်ကိုင်သူများနဲ့

အသက်မွေးဝမ်းကျောင်း ရှာနေကြတဲ့ပြည်သူလူထုအများအပြားရှိပါတယ်။ ကျေးရွာမှာကတော့ လျှပ်စစ်စွမ်းအားအတွက် တရုတ်နိုင်ငံကလုပ်တဲ့ အသေးစားရေအားလျှပ်စစ်လေးနဲ့ တစ်နိုင်တစ်ပိုင် ထုတ်လုပ်ပြီး ကျေးရွာမှာမီးလင်းသော်ငြားလည်း ကျွန်တော်တို့ရဲ့မြို့ပေါ်မှာ မြို့ပေါ်သုံးရပ်ကွက်၊ အိမ်ထောင်စု ၈၈၄ အိမ်ထောင်စုအတွက် မြို့ရဲ့မီးလင်းရေးဆိုပြီးတော့ ဒီဇယ်အင်ဂျင်နဲ့ လျှပ်စစ်မီး မောင်းပြီးပေးတဲ့အခါမှာ အင်ဂျင်ချို့ယွင်းသွားလို့ရှိရင် သုံးလေးငါးရက်ကြာပြီးတော့ မြို့လေးဟာ တိုးတက်သင့်သလောက် မတိုးတက်ဘဲနဲ့ မဟူရာညလိုမျိုး မှောင်မည်းသွားတဲ့အပိုင်းလေး ရှိပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းရဲ့ ဝင်ပေါက်ဖြစ်တဲ့ ကျွန်တော်တို့ မိုင်းပြင်းမြို့လေးကို ၂၄ နာရီကြာမီးပေးနိုင်မယ့် ရေအားလျှပ်စစ်အခြေအနေ ထုတ်လုပ်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိနဲ့ အစီအစဉ်ရှိတဲ့အခါကျတော့ မည်သည့်အချိန်မှာ ဆောင်ရွက်ပေးမယ်၊ မရှိတဲ့အခါကျတော့ ဘာကြောင့်အစီအစဉ်မရှိသေးတာလဲဆိုတာကို ပြန်လည်ဖြေကြားပေးဖို့ ကျွန်တော် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။အချိန်ကြောင့် မေးခွန်းများဆက်မေးပြီးတဲ့အခါမှာ အားလုံးစုစည်းပြီးဖြေဖို့ပဲ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး လေးစားစွာဖြင့် ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်မီးရရှိရေးနှင့်ပတ်သက်လို့ ယခင်ကျွန်တော်တို့ ကျေးလက်ဒေသမီးလင်းရေးနဲ့ပတ်သက်လို့လည်းပဲ ကျွန်တော် သိသမျှဝင်ရောက်ပြီး ဆွေးနွေးခဲ့ဖူးပါတယ်။ ယခု မေးမြန်းမယ့် မေးခွန်းထဲမှာတော့ ကျွန်တော်တို့ ဝန်ကြီးဌာနပိုင် လျှပ်စစ်ဓာတ်အားကို မြန်မာပြည်အနှံ့မှာရှိတဲ့ ကျေးလက်ဒေသပြည်သူတွေ ရယူသုံးစွဲဖို့အတွက်ကို ကျွန်တော် ရည်ရွယ်ပြီးတော့မေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူတွေ၊ ဌာနဆိုင်ရာတွေ လျှပ်စစ်မီး ရရှိဖို့အတွက် စက်မှုလုပ်ငန်းတွေ၊ လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိဖို့အတွက် နိုင်ငံတော် အစိုးရကနေပြီးတော့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ကြိုးစားတည်ဆောက်နေတာကို ကျွန်တော်တို့ ပြည်သူတွေ တွေ့မြင်ကြားသိရတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်ရပါတယ်။ တည်ဆောက်ပြီးတဲ့ စက်ရုံ ၃၃ ရုံကနေပြီးတော့ မဂ္ဂါဝပ် ၃၃၆၀ ထုတ်ယူရရှိပြီး ယခုအခါမှာ ယခင်ကကဲ့သို့ မီးပျက်မှု

တွေဟာမရှိသလောက်ဖြစ်နေပါပြီ။ ဓာတ်အားသုံးစွဲမှုတွေကလည်း ယခင်ကထက် များစွာသာလွန်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းတွေဖြစ်တဲ့ ဝန်ကြီးဌာနစီမံကိန်း ၁၃ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင်စီမံကိန်း ၈ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၄ ခု၊ စုစုပေါင်းဆောင်ရွက်ဆဲစီမံကိန်း ၆၅ ခုရှိတယ်လို့ သိရှိရတဲ့အတွက်လည်း အလွန်ဝမ်းသာမိပါတယ်။ ဒါကြောင့်မို့လို့ ယခင်အစိုးရလက်ထက်က ကျေးရွာမီးလင်းရေးကော်မတီတွေ ဖွဲ့စည်းပြီးတော့ ဝန်ခံချက် ၂၄ ချက်နဲ့ အကောင်အထည်ဖော်ဆောင်နေတဲ့ ဆောင်ရွက်ပြီးစီးနေကြတဲ့ ဓာတ်အားလိုင်းတွေဟာ ယခုအခါမှာ မီးလင်းကြလို့ ပြည်သူတွေဟာ ကျေနပ်ဝမ်းသာနေကြတာကို တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်က မီးလင်းရေးမူ ၂၄ ချက်နဲ့ ဆောင်ရွက်တဲ့နေရာမှာ နံပါတ် ၂၀ မှာကျေးရွာမီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးတပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရာမှာ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ရန်ခွင့်ပြုပေးခြင်းသည် နောင်တစ်ချိန် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိတဲ့အခါမှာ ဆက်သွယ်အသုံးပြုနိုင်ရန်အတွက် ကြိုတင်တည်ဆောက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်းပါရှိပါတယ်။ ယခင် အစိုးရလက်ထက်က လျှပ်စစ်ဓာတ်အား မလုံလောက်သော်လည်း ရပြီဆိုတဲ့အခါမှာ အဆင်သင့်သုံးစွဲနိုင်ရန် ကြိုတင်ပြီးတော့ စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်တဲ့အတွက် အင်မတန်သင့်လျော်သော ဆောင်ရွက်ချက်လည်းဖြစ်ပါတယ်။ မီးလင်းရေးမူနံပါတ် ၁၆ မှာနဲ့ နံပါတ် ၁၉ မှာတော့ ဝန်ကြီးဌာနကို အလှူခံခြင်း၊ အခမဲ့ရရှိရေးအတွက် အကူအညီတောင်းခံခြင်းတို့ကို မပြုလုပ်ပါကြောင်း၊ ခွင့်ပြုပြီးမှ လိုက်လံအလှူခံဆောင်ရွက်နေတာတွေကိုတွေ့ရှိလို့ရှိရင် ခွင့်ပြုထားတာတွေကို ပယ်ဖျက်မယ်လို့ ပါရှိတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့လည်းပဲ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေဟာ ငွေလုံးငွေရင်းဖြင့် နိုင်ငံတော်ရဲ့စီမံကိန်းကြီးများ၊ မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံတွေကို အကောင်အထည်ဖော်တည်ဆောက်နေရတဲ့အချိန် ဖြစ်တဲ့အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဖြစ်တဲ့ တိုင်၊ ကြိုး၊ ထရန်စဖော်မာတွေဟာ ပြည်သူတွေရဲ့စုပေါင်းကူညီ တည်ဆောက်မှုဖြင့် ဆောင်ရွက်ဖို့လိုအပ်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ပြည်သူတွေ နားလည်သဘောပေါက်ပါတယ်။ မိမိဒေသမီးလင်းရေးလုပ်ငန်းစဉ်မှာ ကျွန်တော်တို့အနေနဲ့ တစ်နိုင်တစ်ပိုင်ကူညီ တည်ဆောက်လိုစိတ်လည်းရှိကြပါတယ်။ အခုလည်းပဲ ကျွန်တော်တို့အောက်ခြေမှာ သံတိုင်တွေပြတ်နေတာတွေလည်းပဲ ပြည်သူ့အားနဲ့ ဂဟေဆော်တဲ့ ကွန်ကရစ်လောင်းတဲ့ လုပ်ငန်းတွေလုပ်ပါတယ်။ ထရန်စဖော်မာလောင်လို့ရှိရင်လည်းပဲ ပြည်သူတွေစုပေါင်းပြီးတော့ သယ်ယူပို့ဆောင်ပေးတဲ့လုပ်ငန်းတွေ၊ ပြုပြင်ပေးတဲ့လုပ်ငန်းတွေမှာ၊ ထရန်စဖော်မာအဆင့်မြှင့်တဲ့ လုပ်ငန်းတွေမှာ မိမိတို့နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်

ပေးနေပါတယ်။ ဒါတွေဟာ ကျွန်တော် တို့မိမိဒေသဖွံ့ဖြိုးဖို့၊ နိုင်ငံတော်ကြီးနေရာဒေသစုံ မီးလင်းစေဖို့ အစိုးရနဲ့ပြည်သူကြည်ဖြူစွာလက်တွဲ ဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဘက်ကလည်းပဲ တစ်ယူနစ်ကို ပျမ်းမျှ ၆၀၊ ၇၀ လောက်ကျနေတဲ့ ဓာတ်အားကို ၂၅ ကျပ်နဲ့ ပြည်သူတွေကို ဈေးချိုချို သုံးစွဲပါစေဆိုပြီး နိုင်ငံတော်က အရှုံးခံရောင်းပေးနေတာကိုလည်း ကျွန်တော်တို့ ပြည်သူတွေ သဘောပေါက်ကျေနပ်ပြီး နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ကြပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းနဲ့ အတူအကြံပြုတင်ပြလိုတာကတော့ လျှပ်စစ်ဓာတ်အားလုပ်ငန်းဟာ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ အတွက် နိုင်ငံတော်ကရေရှည်မှာ အရှုံးခံဆောင်ရွက်နေခြင်းဟာ မသင့်တော်ဘဲနဲ့ အမြတ်ငွေရတဲ့ အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲသင့်ပါတယ်။ ဓာတ်အားခများကို တိုးမြှင့်ကောက်ခံသင့်ပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော်မှာ ကဏ္ဍစုံပြုပြင်ပြောင်းလဲမှုတွေကို ပြည်သူ့ဆန္ဒနဲ့အညီ ဆောင်ရွက်ရန် လိုအပ်နေချိန်ဖြစ်တဲ့အတွက် ကျေးရွာဒေသများသို့ လျှပ်စစ်မီးသွယ်တန်းရာမှာလည်းပဲ ကျေးရွာ ပြည်သူများက ကျသင့်ငွေအားလုံး ကိုတာဝန်ယူ ကျခံရမှာဖြစ်ပြီး၊ နံပါတ် ၁၄ မှာ ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေကိုလည်း မီးလင်းရေးကော်မတီက ငွေစုစာအုပ်ဖြင့် ဆက်လက်ပြီး စုဆောင်းထားရှိရမယ် လို့ပါရှိလို့ ပြင်စရာတွေရှိရင် တာဝန်ယူပြင်ရမယ်ဆိုတာကိုလည်း ကျွန်တော်တို့သဘောပေါက်ပါတယ်။ သို့သော် ယနေ့ နိုင်ငံတော် အစိုးရသစ်ရဲ့လက်ထက်မှာ ကျေးလက်ဒေသများဟာ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များဖြင့် ပြည်သူများရဲ့ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေးတို့ကို ဆောင်ရွက် အကောင်အထည် ဖော်နေတဲ့ကာလဖြစ်ခြင်း၊ နိုင်ငံရဲ့စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍစုံမှာ ပြည်သူ့ဆန္ဒနဲ့အညီပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်နေချိန်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ မီးလင်းရေးမူမှာပါတဲ့ နံပါတ် ၁၄၊ ၁၅၊ ၁၉ ၊ ၂၀ ဆိုတဲ့အချက်တွေကို ဖြေလျှော့ပေးနိုင်ရန် ရည်ရွယ်ချက်နဲ့ ယခု ဒီမေးခွန်းကို ကျွန်တော်မေးရခြင်းဖြစ်ပါတယ်။ မေးရတဲ့နေရာမှာလည်းပဲ ကျွန်တော့်ရဲ့မေးခွန်းထဲမှာ မြို့ရဲ့ အနီးပတ်ဝန်းကျင်ကျေးရွာများသို့ တိုးချဲ့သွယ်တန်းနိုင်ရန်ဆိုတဲ့ အချက်နဲ့ နိုင်ငံတော်က သင့်တင့်လျောက်ပတ်တဲ့ ထောက်ပံ့မှုတွေပြုပေးဖို့ဆိုတဲ့အချက်ကို ရည်ရွယ်ပြီး မေးခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းပိုင် ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီးတော့ မြို့အနီးပတ်ဝန်းကျင်ကျေးရွာများသို့ တိုးချဲ့သွယ်တန်းအသုံးပြုနိုင်ရန် ကျေးရွာ ပြည်သူလူထုက မျှော်လင့်နေကြရာ ထိုသို့သွယ်တန်းရာတွင် နိုင်ငံတော်က သင့်တင့်သော ထောက်ပံ့ မှုဖြင့် သွယ်တန်းလိုကြောင်း ကျေးရွာပြည်သူများကတင်ပြလာကြပါတယ်။ သို့ဖြစ်တဲ့အတွက် မြို့အနီး ပတ်ဝန်းကျင်ကျေးရွာများသို့ သင့်တင့်သော နိုင်ငံတော်၏ထောက်ပံ့မှုဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အား

လုပ်ငန်းမှအသုံးပြုခွင့်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သို့ပံ့ပိုး ဆောင်ရွက်သွားမည်ကိုသိလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**နားခံကျေးရွာအုပ်စု၌ လျှပ်စစ်မီးရရှိရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့် (မိုးနဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကျန်းမာ၊ ချမ်းသာကြ ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲ မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ဖြစ်ပါတယ်။ ဝေးလံခေါင်သီသော တောင်ပေါ်ဒေသနေပြည်သူများ၏ ဆန္ဒကိုမေးမြန်းတင်ပြခွင့်ရသဖြင့် လွှတ်တော်အားကျေးဇူး အထူးတင်ရှိပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမြို့နယ်၊ နားခံကျေးရွာအုပ်စုသည် စံပြကျေးရွာဖြစ်ပြီး မိုးနဲမြို့နဲ့ ၇ မိုင်အကွာ မိုးနဲ-နမ့်စန် ကားလမ်းမကြီးနံဘေးနဲ့ ကျိုင်းတောင်းမြို့နယ်ခွဲသို့သွားသော လမ်းခွဲ၌ တည်ရှိပါသည်။ အိမ်ခြေ ၆၀၀ ကျော်၊ လူဦးရေအားဖြင့် ၂၀၀၀ ကျော်ကျော် တစ်စုတစ်စည်း တည်းနေထိုင်လျက်ရှိပါသည်။ ၎င်းကျေးရွာ၌ အစိုးရအထက်တန်းကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ဘုန်းတော်ကြီး ပရိယတ္တိစာသင်ကျောင်း၊ ဝိပဿနာကမ္မဋ္ဌာန်းကျောင်း၊ လုံခြုံရေးတပ်ဖွဲ့များတည်ရှိရာ ၎င်းအဆောက်အဦများနှင့် ကျေးရွာလူထုတို့အတွက် လျှပ်စစ်မီးလိုအပ်လျက်ရှိပါတယ်။ ကျိုင်းတောင်း ရေအားလျှပ်စစ်ကြိုးလိုင်းသည် ၎င်းကျေးရွာအနီး မိုးနဲ-နမ့်စန်ကားလမ်းအတိုင်း ဖြတ်သန်းသွား ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရေး၊ သဘာဝသစ်တော၊ သစ်ပင်အချိန်မီထိန်းသိမ်းနိုင်ရေးနှင့် စံပြကျေးရွာလိုအပ်ချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရသစ် တက်လာသောအချိန်၌ ကြုံကြိုက်၍ ကျေးရွာပြည်သူများ လျှပ်စစ်မီးရရှိရေး အတွက်များစွာမျှော်လင့်ကိုးစားလျက်ရှိရာ နားခံကျေးရွာအုပ်စုတို့မှ အတတ်နိုင်ဆုံးကျပ်သိန်း ၃၀၀ ကို အစိုးရလျှပ်စစ်ဌာနအား အကူအညီငွေ ထည့်ဝင်ပေးမည်ဖြစ်ပါကြောင်း ၁၁-၈-၂၀၁၁ ရက်နေ့တွေ့ဆုံ ပွဲ၌သဘောတူတင်ပြခဲ့ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံသောနယ်မှရယူလိုခြင်း မဟုတ်ပါဘဲ မိမိမြို့နယ်မှရရှိလာသော ရေအားလျှပ်စစ်ဓာတ်အားလည်းဖြစ်၊ မိမိရွာကို ဖြတ်သန်းသွားသော လျှပ်စစ်ကြိုးလိုင်းကို မြင်သာမြင်ရမကြင်ရတဲ့အဖြစ် မဖြစ်စေရန်သော်လည်းကောင်း၊ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူကို အကောင်အထည်ဖော်ရန်သော် လည်းကောင်း၊ ကမ္မဋ္ဌာန်းကျောင်း၊ ဘုန်းတော်ကြီးကျောင်းများနဲ့ ဓမ္မတရားတော်ကျင့်ကြံပွားများ အားထုတ်လျက်ရှိသော သူတော်ကောင်းများအတွက် အလင်းရောင်ပေးနိုင်ရန် သော်လည်းကောင်း၊

လုံခြုံရေးတပ်ဖွဲ့အတွက်လည်းကောင်း အရေးတကြီးလိုအပ်လျက်ရှိသောကြောင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖွံ့ဖြိုးရေးနောက်ကျသော နားခံကျေးရွာပြည်သူများကိုယ်စား ပြည်ထောင်စု ဝန်ကြီးအားစေတနာရှေ့ထား ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်ကိုသိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါသည်ခင်ဗျား။ (ဩဘာသံများ)

**အင်ငါးခွကျေးရွာသို့ လျှပ်စစ်လိုင်းမှ သွယ်တန်းခွင့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးဟန်၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးဟန်(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကာယသုခ၊ စိတ္တသုခနှစ်ဖြာနဲ့ပြည့်စုံပြီး လောကီအကျိုး၊ လောကုတ္တရာ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေလို့ ကျွန်တော် ဂါရဝရှေ့ထား ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပေါက်ခေါင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တင်ပြမယ့်မေးခွန်းကတော့ နည်းနည်းလေး မေတ္တာရပ်ခံချင်တာက အင်ငါးခွကျေးရွာပဲပါတယ်။ အင်ငါးခွကျေးရွာအုပ်စုခင်ဗျာ့။ အုပ်စုဆိုတာလေး ကျန်ရစ်ခဲ့ပါတယ်။ အဲဒါကို ကျေးဇူးပြု၍ထပ်မံပြီးထည့်ပါရစေ၊ အင်ငါးခွကျေးရွာမှာ အဲဒီတာလမ်း နံဘေးမှာပဲ ဓာတ်အားလိုင်းဖြတ်သွားတဲ့ တာလမ်းနံဘေးမှာပဲ ကန်စုတို့၊ ကြို့ပင်ကန်တို့၊ အင်ငါးခွတို့၊ တာကောက်တို့ဆိုတဲ့ရွာတွေ စုပေါင်းပြီးတော့ရှိပါတယ်။ အဲဒီကျေးရွာတွေအတွင်းမှာ အခုတင်ပြတာ သည်အင်ငါးခွကျေးရွာအုပ်စုအတွက်ကို အခြေခံပြီးတော့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒါပေမယ့်ခုနက ပြည်ထောင်စုဝန်ကြီးကပြောသွားတော့ ကျွန်တော့်ရဲ့တင်ပြချက်ဟာ ဟိုတုန်းက ကျွန်တော်တို့ ပြည်မြို့ ကရွှေဆံတော်ဘုရားမှာ ဆွမ်းတော်ကပ်တဲ့တောက အဒေါ်ကြီးကို သွားပြီးတော့သတိရပါတယ်။ အဲဒါက ဘာလဲဆိုတော့ ရှေ့ကလူတွေက သူတို့ကနေပြီး ဟိုတော့ ဒီတော့ အမျိုးမျိုးတတ်တော့ရင် အရဟာတာဒိ၊ နဝဂုနေဟိ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် သမန္နာဂတံ ပြည့်စုံတော် မူသော ဗုဒ္ဓံသက်တော်ထင်ရှားမြတ်စွာဘုရားအား ဣမံပိဏ္ဍပါဒံ၊ ဤဆွမ်းခဲဖွယ်တို့ကို သဒ္ဓါကြည်ဖြူ လှူဒါန်းဆက်ကပ်ပါ၏လို့ အဲဒီလို တွတ်တီးတွတ်တာနဲ့ပြောသွားတော့ အဲဒီတောက အဒေါ်ကြီးကျ တော့ရွှေဆံတော် ပျို့မောင်ကြီးရယ်၊ သူများလိုတွတ်တီးတွတ်တာလည်း မပြောတတ်ပါဘူး။ ရော့စား တော့ဆိုပြီးတော့ အဲဒီတော့ ကျွန်တော်လည်း ကျွန်တော့်မေးခွန်းလေးကို အခုနက ပြည်ထောင်စု ဝန်ကြီးက ပြောသွားတဲ့အတွက် ကျွန်တော်လည်း နည်းနည်းလေး စိတ်အားငယ်စွာနဲ့ပေါ့ တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံး

ကျွန်တော်တို့ ညီအစ်ကိုတွေ၊ တူအရီးတွေဟာ ပြန်သွားတိုင်း၊ သွားတိုင်းဟာ လွှတ်တော်အတွေ့အကြုံရှင်းတဲ့အခါမှာ အားလုံးကနေပြီးတော့ ကျွန်တော်တို့ကို မင်းတို့ဘာတွေလုပ်ခဲ့လဲ၊ လွှတ်တော်တက်ပြီးတော့ ငိုက်ခဲ့လား၊ ဘာတွေငေးနေတာလဲ၊ ဘာမှလည်း ပြောသံမကြားဘူးလို့ဖြစ်မှာစိုးလို့ သဘောကတော့ ကျွန်တော်တို့သည်၊ အားလုံးလွှတ်တော်ကိုယ်စားလှယ်တွေသည် နေတိုးမဟုတ်ပါဘူး။ နေတိုးဆိုတာ ရုပ်ရှင်မင်းသား ပြောတာမဟုတ်ပါဘူး။ NATO ပါ၊ No Action Top Only အလုပ်မပါဘဲနဲ့ အပြောသက်သက်မဟုတ်ပါဘူးဆိုတဲ့အကြောင်းကို ကျွန်တော်ပြချင်လို့ ကျွန်တော့်ရဲ့ နယ်မြေကို ပြောချင်လွန်းလို့ ပြောဆိုနေတာလည်းသိစေချင်လွန်းလို့ ပြည်ထောင်စုဝန်ကြီးကို မျက်လွှာလေးကို အောက်ချပြီးတော့ တောင်းပန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကျေးရွာတွေကနေပြီးတော့ကျွန်တော်တို့ကို သူတို့အတွက် သူတို့ရဲ့လိုအင်တွေကို၊ သူတို့ရဲ့ဆန္ဒတွေကို၊ သူတို့ရဲ့ဖြစ်ချင်တာတွေကိုတတ်နိုင်သမျှ ဆောင်ရွက်ပေးပါမယ်လို့ ရွေးကောက်ပွဲမတိုင်ခင်က ကတိကဝတ်တွေခံခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့က အားလုံးလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့က တာဝန်တွေရှိပါတယ်။ အဲဒီတော့ တာဝန်တွေရှိရင် ကျွန်တော်တို့အားလုံးသည် တာဝန်ကိုသိရမယ့် ကိုယ့်ရဲ့နယ်မြေရဲ့ဖွံ့ဖြိုးတိုးတက်မှု အခု အလုပ်ရုံဆွေးနွေးပွဲတွေလုပ်နေတဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲသူပပျောက်ရေးနည်းပါးရေးဆိုတဲ့ အချက်တွေထဲမှာလည်း

**ဥက္ကဋ္ဌ**။ ။ဦးအေးဟန် သက်ဆိုင်တာပဲပြောပါ။ သက်ဆိုင်တာပဲတင်ပြပါ။

**ဦးအေးဟန်(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။အဲဒါကြောင့် ကျေးရွာကိုမီးလင်းရေးမှာ အဲဒီမှာ စာသင်ကျောင်းကလည်း အ.ထ.က တစ်ကျောင်းရှိတယ်။ မူလတန်းကျောင်းတွေကလည်းရှိတဲ့အတွက် အဲဒီ စာသင်ကျောင်းဆိုရင် ကန်စု အ.ထ.က ကျောင်းဆိုရင် နှစ်စဉ်နှစ်တိုင်း Camp တွေသွင်းတဲ့အခါမှာရေနံဆီတွေနဲ့ နောက် ဒီဇယ်ဆီတွေဝယ်ပြီးတော့ရင် နှစ်စဉ်နှစ်တိုင်း Camp တွေသွင်း အဲဒီလိုတွေလုပ်နေရပါတယ်။ ဒါကြောင့်အဲဒီနေရာလေးမှာများ မီးလင်းရေးရရှိလို့ရှိရင် အခုနကပြောတဲ့ အ.ထ.က ကျောင်းတွေကော၊ မူလတန်းကျောင်းတွေကော မီးလင်းရေးမှာ သူတို့အတွက်ပညာရေးတွေမှာ အဆင်ပြေလိမ့်မယ်ထင်ပြီးတော့ အင်ငါးခွကျေးရွာကို နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုနဲ့အတူ သူတို့ရဲ့ ကိုယ်ထူကိုယ်ထစနစ်နဲ့ ကျေးရွာရဲ့ကိုယ်ထူကိုယ်ထစနစ်နဲ့ ဒီမီးလင်းရေးကို အတူပူးပေါင်းပြီး တော့ရင် ဆောင်ရွက်မယ်လို့ ကျွန်တော့် ကိုပြောကြားလိုက်တဲ့အတွက်ကြောင့် ကျွန်တော် မေးချင်တဲ့ မေးခွန်းက အင်ငါးခွအုပ်စုမှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာသားများမီးလင်းရေးကို သက်ဆိုင်ရာမှကူညီ ဆောင်ရွက်ပေးပါလို့ အထူးမေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ရစ်ကန်ကြီးနှင့် သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာများ လျှပ်စစ်မီးလင်းရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးဝင်းစိန်၊ ကဝမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာပါစေလို့ ပဏာမဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ကဝမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ကဝမြို့နယ်နဲ့ သနပ်ပင်မြို့နယ်အတွင်းမှာ ရှိတဲ့ကျေးရွာနှစ်ရွာ မီးရရှိရေးအတွက် တင်ပြမှာဖြစ်ပါတယ်။ အဲဒီတော့ သနပ်ပင်အတွက် ကျွန်တော်ဘာလို့တင်ပြရသလဲဆိုရင် သနပ်ပင်မြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က နုတ်ထွက်သွားပြီဖြစ်တဲ့အတွက်ကြောင့် သူ့ကိုယ်စား ကျွန်တော် တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးကနေပြီးတော့ ပဲခူး- သနပ်ပင်-ကမာစဲ-သက္ကလ-ခရမ်း-သုံးခွ-သန်လျင်ကားလမ်းမကြီးဟာ ဟိုတုန်းကဆိုလို့ရှိရင် ရထားလမ်းပါ။ အဲဒီရထားလမ်းကို ၁၉၄၃ ခု ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်တွေကနေ ရထားလမ်းသံလမ်းတွေ ဖြုတ်ပြီးတော့ ဘုရားသုံးဆူနဲ့ သံဖြူဇရပ်မှာ ရထားလမ်းဖောက်တဲ့အခါ အသုံးပြုလိုက်ပါတယ်။ အသုံးပြုလိုက်တဲ့အတွက်ကြောင့် အဲဒီရထားလမ်း ဟာကားလမ်းဖြစ်ပါတယ်။ ကားလမ်းဖြစ်ခဲ့သည်နဲ့အမျှ အဲဒီလမ်းမှာရှိတဲ့ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သန်လျင်မြို့နယ် ခုနစ်မြို့နယ်ဟာဆိုလို့ရှိရင် စပါးစိုက်ဧကပေါင်း ၁၃ သိန်း လောက်ရှိပါတယ်။ အဲဒီ ၁၃ သိန်း လောက်ရှိတော့ စပါးတော်တော် ထွက်ပါတယ်။ တော်တော်ထွက်တဲ့အတွက်ကြောင့် အင်္ဂလိပ်ခေတ်က အင်္ဂလိပ်က အဲဒီရထားလမ်းဖောက်ပြီးတော့ စပါးတွေသယ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ သယ်ခဲ့သလို ဒီဘက်ပိုင်းမှာလည်း ကားလမ်းဟာ အခုဆိုရင် ကတ္တရာလမ်းပါ။ ကားလမ်းရှိသလို သနပ်ပင်မြို့နယ်ဟာဆိုရင် ပဲခူးနဲ့ခုနစ်မိုင်ပဲဝေးပါတယ်။ ခုနစ်မိုင်ပဲဝေးသလို သနပ်ပင်မြို့ဟာ ၁၉၅၆-၁၉၅၇ လောပိတရေအားလျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်အံ့ဆိုတာ အဲဒီကတည်းကနေပြီးတော့ သနပ်ပင်မြို့ဟာ မီးလင်းနေတာဖြစ်ပါတယ်။ အဲဒီတော့ သနပ်ပင်နဲ့ ငါးမိုင်ပဲကွာတဲ့ ကမာစဲ ကျေးရွာ၊ အိမ်ခြေ ၁၀၀၀ ရှိပါတယ်။ အထက်တန်းကျောင်းရှိပါတယ်။ အခုထိမီးမလင်းသေးပါဘူး။ နောက်တစ်ခါ အဲဒီကမာစဲကနေပြီးတော့ နောက်ထပ် ငါးမိုင်သွားလို့ရှိရင် ရစ်ကန်ကြီးကျေးရွာဆိုတာရှိပါတယ်။ ကျေးရွာဟာ သုံးရွာပေါင်းထားပါတယ်။ သုံးရွာကအိမ်ခြေ ၁၂၀၀ ရှိပါတယ်။ အဲဒီ ရစ်ကန်ကြီးကနေ နောက်ထပ် ငါးမိုင်သွားရင်တော့ အုန္တဲ့၊ အုန္တဲ့ဆိုတာလည်း မီးလင်းနေပါပြီ။ နောက်တစ်ခါ အုန္တဲ့ကနေ ငါးမိုင်သွား လို့ရှိရင် သက္ကလ၊ သက္ကလကလည်း မီးလင်းနေပါပြီ။ ဒီကားလမ်းပေါ်မှာ ဒီရွာကြီးနှစ်ရွာဟာ မီးမလင်းသေးတဲ့အတွက်ကြောင့် အဲဒီရွာ နှစ်ရွာမီးလင်း

ဖို့အတွက် မီးရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် ကျွန်တော် တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကိုလည်း ကျွန်တော်တို့ ဖြေကြားပေးဖို့ တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျေးရွာများ လျှပ်စစ်မီးလင်းရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ လွိုင်ကော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ဓာတ်အားလိုင်းများအနီး ဝန်းကျင်ရှိ လျှပ်စစ်မီးလင်းရေး ကိုယ်ထူကိုယ်ထ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကျေးရွာများအား နိုင်ငံတော်မှ လျှပ်စစ်မီးလင်းရေး စီစဉ်ဆောင်ရွက်ပေးမှု အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ်ဟာ လျှပ်စစ်နှင့်ပတ်သက်ရင် မွေးဖွားရာ ပြည်နယ်မြို့တစ်မြို့ ဖြစ်တာနဲ့အညီ ကျွန်တော်တို့ လွိုင်ကော်မြို့ကိုလည်း လျှပ်စစ်မြို့တော် လွိုင်ကော်လို့ အမည်နာမတင်စားခံထားရတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ အလားတူ လောပိတလျှပ်စစ်မီး ကျွန်တော်တို့ မြန်မာနိုင်ငံတနံတလျားကို နှစ်ပေါင်း ၅၀ ကျော်ပေးခဲ့ပြီးဖြစ်သလို ကယားပြည်နယ်မှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာသားများဟာလည်း လျှပ်စစ်တာဝါတိုင်များကို လုံခြုံရေးယူခဲ့တာဟာ နှစ်ပေါင်း ၅၀ ကျော်ရှိခဲ့ပြီလို့ တင်ပြပါရစေခင်ဗျား။ ဒါကြောင့်မို့လို့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ လွိုင်ကော်မြို့နယ်အတွင်းမှာ အောင်ပန်းလမ်းပေါ်မှာရှိတဲ့ ၁၂ မိုင်ဝေးကွာတဲ့ လွိုင်လင်လေးကျေးရွာ၊ တီးစခါးကျေးရွာများဟာ ကိုယ်ထူကိုယ်ထမီးလိုင်းများ၊ ထရန်စဖော်မာများဆောင်ရွက်ပြီး မီးလိုင်းအတွက်ဆောင်ရွက်ရန် အခက်အခဲတွေရှိနေခဲ့ပါတယ်။ ထိုနည်းတူ လွိုင်လင်လေးမှ တီးလုံသို့ ဆွဲပေးမည်ဆိုပါကလည်း မိုင်အားဖြင့် ၉ မိုင်၊ ကျေးရွာပေါင်းရွာ ၂၀ အတွက် လျှပ်စစ်မီးခံစားနိုင်ကြမှာဖြစ်ပါတယ်။

အလားတူ ကုန်းသာကျေးရွာအုပ်စုမှာ ဆိုရင်လည်းပဲ လွိုင်ကော်မှ ၁၂ မိုင်သာကွာဝေးပြီး ကုန်းသာမှ ဒွေးငါးလာရွာထိ မီးသွယ်ပေးမည်ဆို ပါကမီးလိုင်းတစ်လျှောက်မှာ ရွာပေါင်း ၄၀ ကျော်ကို မီးလင်းပေးနိုင်မှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လွိုင်လင်ကျေးရွာဟာဆိုရင် ယခင်အစိုးရ

လက်ထက်မှာပင် ကိုယ်ထူကိုယ်ထမီးလိုင်းများ၊ ထရန်စဖော်မာများ သွယ်တန်းပြီးဖြစ်သော်လည်းပဲ မီးလိုင်းမရှိခြင်းကြောင့် ယနေ့တိုင် သုံးလေးနှစ် ခံစားနေရတဲ့ ကျေးရွာလည်းဖြစ်ပါတယ်။ အလားတူ ကယားပြည်နယ်မှာရှိတဲ့ ဒီမောဆိုမြို့နယ်ကို တင်ပြရမယ်ဆိုရင် ဒီမောဆိုမြို့နဲ့ သုံးမိုင်ခန့်သာကွာဝေး ပြီး လွိုင်ကော်-တောင်ငူ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ လမ်းဘေးဝဲယာမှာရှိကြတဲ့ ငွေတောင် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာငါးရွာ၊ နောင်ပုလဲကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာလေးရွာ၊ ဆောင်ဒူလာကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာလေးရွာ၊ ဒီမောဆိုနဲ့ ခုနစ်မိုင်သာကွာဝေးတဲ့ ဒေါကလော တူကျေးရွာအုပ်စုမှာ ကျေးရွာ ခြောက်ရွာ၊ ထီးပိုးကလောကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာရှစ်ရွာနဲ့ စံပြခြောက်မိုင်ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ ကျေးရွာသုံးရွာတို့ဟာလည်းပဲ ကျေးလက်မီးလင်း နိုင်ရေးအခက်အခဲရှိသည့်အတွက် ဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ပါက ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

တစ်ဆက်တည်းမှာပဲ ဖရူဆိုမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများအား မီးလိုင်းများဆွဲပေးမည် ဆိုပါကလည်းပဲ လွိုင်ကော်-မော်ချီးကားလမ်း ဘေးဝဲယာမှာ ရှိတဲ့ ထီးဖောဆိုကျေးရွာအုပ်စုမှာ ၁ မိုင်၊ မြို့မအုပ်စုဟာ ၆ မိုင်၊ ဖိုဆိုအုပ်စုဟာ ၅ မိုင်၊ မခရော့ရှည် အုပ်စုဟာ ၃ မိုင်၊ တော်ခူအုပ်စုဟာ ၃ ဖာလုံတို့ရှိပြီး ကျေးရွာပေါင်း ၂၃ ရွာ၊ စုစုပေါင်း ၁၆ မိုင် ခန့်ကို မီးလိုင်းဆွဲပေးမည်ဆိုပါ ကလည်းပဲ ဖရူဆိုမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများလျှပ်စစ်မီးခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ အလားတူ ဘောလခဲမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများဖြစ်တဲ့ မိုင်းတန်ကျေးရွာ၊ ဝမ့်ချယ်ကျေးရွာ များဟာလည်းပဲ မဟာဓာတ်အားလိုင်းနဲ့ သုံးမိုင်ခန့်သာကွာဝေးပြီး ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင် ခြင်းမရှိတဲ့အတွက် မီးလိုင်းများတိုးချဲ့နိုင်ခြင်းအားဖြင့် ကျေးရွာအုပ်စုများ လျှပ်စစ်မီးခံစားကြရမှာ ဖြစ်ပါတယ်။ ထို့အပြင် ချီကယ်ကျေးရွာအုပ်စု ကျေးရွာသုံးရွာတို့ဟာလည်းပဲ မဟာ ဓာတ်အားလိုင်းနဲ့ ၃ မိုင်ခန့်သာ ကွာဝေးသဖြင့် မီးလိုင်းများ တိုးချဲ့ပေးနိုင်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ ကယားပြည်နယ်မှထွက်ရှိတဲ့ လျှပ်စစ်မီးကို ခံစားနိုင်ကြမှာဖြစ်ပါတယ်။ အလားတူ ဖာဆောင်း မြို့နယ်အတွင်းမှာရှိတဲ့ ခဲမဖြူကျေးရွာဟာဆိုရင်လည်းပဲ ဖာဆောင်းမြို့နဲ့ ၂ မိုင် ၇ ဖာလုံရှိပြီး ဖာဆောင်းမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီးတော့မှ ငြိမ်းချမ်းရေးရယူထားတဲ့ ပြည်သူ့စစ် အဖွဲ့များရဲ့ အခြေချနေထိုင်ရာ ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ ၎င်းကျေးရွာနည်းတူ ဖာဆောင်း မြို့နယ်၊ ဝဟောင်းကျေးရွာသည်လည်းပဲ ဖာဆောင်းမှ ၂ မိုင်နဲ့ ၅ ဖာလုံသာကွာဝေးပြီး အလားတူ ပါဖူး၊ နမ့်ကေရွာတို့ဟာလည်းပဲ ၃ မိုင်သာ ကွာဝေးပြီးတော့မှ ဆင်းရဲနွမ်းပါးတဲ့ကျေးရွာများ ဖြစ်ပါတယ်။ ၎င်းကျေးရွာ လေး ရွာအတွက် ၆ မိုင်နဲ့ ၁ ဖာလုံကို မီးလင်းရေးဆောင်ရွက်ပေးမည်ဆိုပါက

ကယားပြည်နယ်မှထွက်ရှိတဲ့ လျှပ်စစ်မီးကို ကယားပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး ခံစားနိုင်ကြမှာဖြစ်ပါတယ်။ သို့အတွက်ကြောင့် မြို့နယ်များရှိ ကျေးရွာများသည် လိုအပ်သည်များကို ဆောင်ရွက်နိုင်သော်လည်း မီးလိုင်းမရရှိခြင်းကြောင့် အခက်အခဲများစွာ ခံစားနေကြရပါသဖြင့် ကယားပြည်နယ်အတွင်းမှာရှိတဲ့ လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖာဆောင်းမြို့နယ် အတွင်းမှာရှိတဲ့ ကျေးလက်မီးလင်းရေးမူအရ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကျေးရွာများအား နိုင်ငံတော်မှ မီးလိုင်းများကို တိုးချဲ့သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလများတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စု မီးလင်းရေးနှင့်စပ်လျဥ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးကြည်မြင့်၊ မော်ဘီမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်မြင့်(မော်ဘီမဲဆန္ဒနယ်)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မော်ဘီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မော်ဘီမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသအချို့ရဲ့ မီးလင်းရေးနဲ့ပတ်သက်ပြီးတော့ မေးခွန်းတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မော်ဘီမြို့နယ်အတွင်းမှာရှိကြတဲ့ သဲပုန်ကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ကျောက်ကုန်းကျေးရွာ၊ နှောကုန်းကျေးရွာ၊ ညောင်ပင်ကုန်းကျေးရွာ၊ ညောင်နှစ်ပင်ကျေးရွာ၊ အင်းကန်ကျေးရွာ၊ ဝါးခလောကျေးရွာ၊ လက်ပံတန်းစုကျေးရွာ၊ လိပ်ပုတ်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ ပျော်ဘွယ်စုကျေးရွာ ၁၂ ရွာကိုနိုင်ငံတော်ရဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့နီးတဲ့ ကျေးရွာအုပ်စုတွေဖြစ်ကြပါတယ်။ အဲဒီရွာ ၁၂ ရွာဟာလည်း ၎င်းတို့ရဲ့ကျေးရွာများကို မီးလင်းဖို့အတွက်ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲများရှိကြပါတယ်။ ဒါကြောင့် နိုင်ငံတော်က ကျေးလက်မီးလင်းရေးနဲ့ ပတ်သက်ပြီးတော့ ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ၊မရှိ ဖြေကြားပေးနိုင်ရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုဝန်ကြီးက မေးခွန်းများအား ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များ

အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်ခရိုင်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် မေးမြန်းသော မေးခွန်းနဲ့ပတ်သက်ပြီး စတင်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းပြင်းမြို့နယ် အားလက်ရှိအခြေအနေမှာ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ၁၅၀ ကေဗွီအေ စကိုဒါဒီဇယ်ဓာတ်အားပေးစက်တစ်လုံးနဲ့ မဏ္ဍလာရင် ၆၈.၇၅ ကေဗွီအေဒီဇယ်ဓာတ်အားပေးစက်တစ်လုံးဖြင့် လစဉ်ဒီဇယ်ဆီ ၁၃၅၀ ဂါလန်အသုံးပြုပြီး မီးသုံးသူ ၂၄၈ ဦးကို တစ်ရက်လျှင် ၃ နာရီခန့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မိုင်းပြင်းမြို့အပါအဝင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသမှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံတော်မှတပ်ဆင်အင်အား ၂၀၀ မဂ္ဂါဝပ်ရှိတဲ့ နမ့်ခ၊ ၉၆ မဂ္ဂါဝပ်ရှိ ကျိုင်းတုံ၊ ၂၅ မဂ္ဂါဝပ်ရှိ ဝမ်တာပင်း၊ ၁၆၅ မဂ္ဂါဝပ်ရှိ ဆိုလူး၊ ၅၀ မဂ္ဂါဝပ်ရှိတဲ့ မိုင်း၀၊ ၂၈ မဂ္ဂါဝပ်ရှိ ကျိုင်းရမ်း၊ ၈၈ မဂ္ဂါဝပ်ရှိ ဟီလူးရေအား လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရန်အတွက် စီမံကိန်းများချမှတ်ပြီးတော့ စတင်ပြီးတော့ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါရှမ်းပြည်နယ် အရှေ့ပိုင်း ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မယ့် ရေအားလျှပ်စစ်စီမံကိန်းများနဲ့ ဆက်စပ်ပြီး ဒေသအတွင်းဓာတ်အားကွန်ရက်စနစ်တစ်ခု တည်ဆောက်ကာ ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသ တစ်ခုလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နဲ့ နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်သွား နိုင်ရန်အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းများ ဖြစ်တဲ့ နမ့်ခ-မိုင်းပြင်း ၃၂ မိုင်၊ ကျိုင်းတုံရေအားလျှပ်စစ်စက်ရုံမှ ဝမ်တာပင်း ရေအားစက်ရုံ ၂၈ မိုင်၊ ဝမ်တာပင်း-ကျိုင်းတုံ ၂၂ မိုင်၊ ဆိုလူး-ကျိုင်းတုံ ၂၅ မိုင်၊ မိုင်း၀-ဆိုလူး ၂၃ မိုင်၊ ကျိုင်းတုံ-မိုင်းဆတ် ၁၀၈ မိုင်၊ ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် ၁၂၀ မိုင်စတဲ့ မဟာဓာတ်အားလိုင်း စီမံကိန်းများအပြင် မိုင်းပြင်း၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ တာချီလိတ်တို့မှာ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရန် စီမံကိန်းများ ချထားပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၆၆ ကေဗွီဓာတ်အားလိုင်းများနဲ့ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများလည်း တည်ဆောက်သွားရန် စီမံကိန်းများချ ထားပြီးဖြစ်ပါတယ်။ အဆိုပါစီမံကိန်းများဟာ အချိန်ကာလတစ်ခုယူ၍ အကောင်အထည်ဖော်ဆောင် ရွက်မှာဖြစ်ပြီး လက်ရှိမိုင်းပြင်းမြို့မှာ တိုးတက်လာတဲ့ လျှပ်စစ်ဓာတ်အားအသုံးပြုသူများကိုလုံလောက် စွာဖြည့်ဆည်းပေးနိုင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၁၅၀ ကေဗွီအေဒီဇယ်ဓာတ်အားပေးစက်

အသစ်တစ်လုံး ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းတင်ပြရင်း ကျွန်တော့်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ မေးမြန်းလာသော မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှရရှိတဲ့ ရန်ပုံငွေ ပေါ်မူတည်ပြီးတော့ အဓိကကျတဲ့ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံများကို တည်ဆောက်ပေးလျက်ရှိပါတယ်။ ဓာတ်အားရရှိပြီးတဲ့မြို့အနီးကျေးရွာများကို ဓာတ်အားဆက်သွယ်အသုံးပြုခွင့်ရရှိရေးအတွက် ဒေသအာဏာပိုင်တို့ရဲ့ခွင့်ပြုထောက်ခံချက်ရရှိပြီး ပြည်သူလူထုရဲ့ ခိုင်ခိုင်မာမာဖွဲ့စည်းထားတဲ့ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် လျှောက်ထားရမှာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနဲ့ကိုက်ညီတဲ့ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးများကိုခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်တဲ့နည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာများမီးလင်းရေးဆောင်ရွက်တဲ့အခါမှာ ပထမတစ်ချက်အနေနဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့မှ ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့လည်း ဓာတ်အားရရှိနိုင်တဲ့နေရာများကို ကန့်သတ်ပြီးတော့မှ ဓာတ်အားလိုင်းများ၊ ဓာတ်အားကြိုးများ သွယ်တန်းနိုင်ရေးအတွက် ကျေးရွာများကို ခွင့်ပြုခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ လျှပ်စစ်(၂)ဝန်ကြီးဌာနအနေနဲ့ ရန်ပုံငွေလုံလောက်မှုရှိလာလို့ရှိရင် National Grid ကနေပြီး ဆက်လက်ပြီးတော့ ထားတဲ့အရာအားလုံးကို ဌာနကနေပြီးတော့မှ တဖြည်းဖြည်းဆက်လက်ပြီးတော့ တာဝန်ယူပြီးတော့မှ ဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေ တည်ဆောက်ပြီးတော့ ကျေးရွာများအထိ လျှပ်စစ်မီးတွေ ရောက်ရှိလာမှာဖြစ်ကြောင်းဖြေကြားရင်း ကျွန်တော့်ရဲ့ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မြင့် မေးမြန်းလာသော မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပြီး ၂၀၀၈ ခုနှစ်မှစ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းများဖြစ်တဲ့ ကျိုင်းတောင်း - နမ့်စန် ၇၃ မိုင်၊ နမ့်စန်-ပင်းပက်-ကလော ၈၄ မိုင် စီမံကိန်းများနှင့်နမ့်စန်၊ ပင်းပက်တို့တွင် ၁၃၂ ကေဗွီ

ပင်မဓာတ်အားခွဲရုံများကိုပါ တည်ဆောက်ပြီး ပတ်ဝန်းကျင်ဒေသများသို့ ၆၆ ကေဗွီဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ခဲ့ရာ လွိုင်လင်၊ မိုးနဲ၊ လင်းခေးမြို့များမှာ ၆၆ ကေဗွီဓာတ်အားခွဲရုံများတည်ဆောက် ဓာတ်အားပေးလျက်ရှိပါတယ်။ မိုးနဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မြင့်တင်ပြလာတဲ့ မိုးနဲမြို့နယ်၊ နားခံကျေးရွာအနီးမှ ဖြတ်သန်းသွားတဲ့ ကျိုင်းတောင်းရေအားလျှပ်စစ်ကြိုးလိုင်းဟာ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းဖြစ်ပြီး ယင်းဓာတ်အားလိုင်းသည် ကျေးရွာအနီး ဖြတ်သန်းသွားသော်လည်း ယင်းဓာတ်အားလိုင်းမှ ကျေးရွာသို့ တိုက်ရိုက်ဓာတ်အားပေး၍ မရနိုင်တဲ့လိုင်းဖြစ်ပါတယ်။ ဓာတ်အားအသုံးပြုသူများ အသုံးပြုနိုင်တဲ့ ၁၁ ကေဗွီ၊ ဝ.၄ ကေဗွီဗို့အားအဆင့်များသို့ လျှော့ချပြီးမှသာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ နားခံကျေးရွာအုပ်စု လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မိုးနဲမြို့မှ ၁၁ ကေဗွီဓာတ်အားလိုင်း ၇ မိုင်ဆွဲပြီး ၁၁/ဝ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေထရန်စဖော်မာ နှစ်လုံး တည်ဆောက်ခြင်းနဲ့ကျေးရွာအတွင်း ၄ဝဝ ဗို့ဓာတ်အားလိုင်း ၂ မိုင်တည်ဆောက်မှသာ ဓာတ်အားရရှိမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့အဓိကလိုအပ်တဲ့ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ဦးစားပေးတည်ဆောက်လျက်ရှိတဲ့အတွက် နားခံကျေးရွာအုပ်စု လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဒေသအာဏာပိုင် သဘောတူညီချက်ရှိပြီး ပြည်သူလူထုရဲ့ ခိုင်ခိုင်မာမာဖွဲ့စည်းထားတဲ့ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းကာ မိုးနဲမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် လျှောက်ထားရမှာဖြစ်ပါတယ်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးဆိုင်ရာ မူဘောင်သတ်မှတ်ချက်များနဲ့ ကိုက်ညီတဲ့ ကျေးရွာမီးလင်းရေးများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်တဲ့နည်းပညာပိုင်းများအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းမှာ မိုင်းကိုင်၊ မိုင်းလောင်၊ လွိုင်လင်၊ လဲချား၊ ရွာငံ၊ အင်းဒေသ၊ ပအို့ဝ်ဒေသစသည်ဖြင့် တောက်လျှောက် လျှပ်စစ်ဓာတ်အားလိုင်းများဆွဲခြင်း၊ လျှပ်စစ်မီးများပေးခြင်း ဆောင်ရွက်လျက်နည်းတူ ရန်ပုံငွေရရှိရေးအပေါ် မူတည်ပြီးတော့မှ နားခံကျေးရွာမီးရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားရင်း ကျွန်တော်ရဲ့အဖြေကို နိဂုံးချုပ်အပ်ပါတယ်။

ဆက်လက်ပြီးတော့ ပေါက်ခေါင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန် မေးမြန်းလာသောမေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အင်ငါးခွကျေးရွာမှ အိမ်ခြေ ၂ဝဝ ကျော်ကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ပေါင်းတလည်ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ပေါက်ခေါင်းလိုင်းမှ ၁၁ ကေဗွီဓာတ်အားလိုင်း ၅ဝဝ ပေနဲ့ ကျေးရွာအတွင်း ၁၁/ဝ၄ ကေဗွီ ၁ဝဝ ကေဗွီအေ ထရန်စဖော်မာ နှင့် ၄ဝဝ ဗို့ဓာတ်အားလိုင်းပေ ၃ဝဝဝ ခန့် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုတော့ ရန်ပုံငွေ

ရရှိလာမှုပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါကျေးရွာမှာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဒေသအာဏာပိုင်တို့ရဲ့ ခွင့်ပြုထောက်ခံချက်ယူပြီး ပြည်သူလူထုရဲ့ ခိုင်ခိုင်မာမာဖွဲ့စည်းထားတဲ့ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် လျှောက်ထားရမှာ ဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအနေနဲ့ ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနဲ့ကိုက်ညီတဲ့ ကျေးရွာမီးလင်း ရေးကိုခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်တဲ့နည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်ပေး လျက်ရှိပါကြောင်း ဖြေကြားရင်း ကျွန်တော့်ရဲ့ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းစိန်၏ မေးမြန်းလာသော မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရစ်ကန်ကြီးကျေးရွာနှင့် သနပ်ပင်မြို့နယ်၊ ကမာစဲ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကဝမြို့နယ်၊ ရစ်ကန်ကြီးကျေးရွာရှိ အိမ်ခြေ ၁၁၆၁ အိမ်အား ဓာတ်အားရရှိရန်အတွက် ကဝမြို့နယ်၊ ခဲမပြင်ကျေးရွာ ၁၁ ကေဗွီဓာတ်အားလိုင်းမှ ဆက်လက်၍ ၁၁ ကေဗွီ ဓာတ်အား လိုင်း ၅.၅ မိုင် ဆွဲထားခြင်း၊ ၁၁/၀၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တည်ဆောက်ခြင်းနှင့် ကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃ မိုင်ခန့် တည်ဆောက်ရမှာဖြစ်ပြီး အဆိုပါတည်ဆောက်ရေးလုပ်ငန်းများအတွက် စုစုပေါင်းကုန်ကျငွေ သိန်း ၂၀၀၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာရှိ အိမ်ခြေ ၁၀၁၉ အိမ်အား လက်ရှိတွင် ၅၀ ကီလိုဝပ် စပါးခွံဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင် ၁၈ နာရီမှ ၂၁ နာရီအထိ ၃ နာရီခန့်ဓာတ်အား ပေးလျက်ရှိကြောင်းသိရှိရပါတယ်။ ကမာစဲကျေးရွာကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် သနပ်ပင်မြို့ ၃၃/၁၁ ကေဗွီ၊ ၃ အမ်ဗွီအေဓာတ်အား ခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ မိုင်ဆွဲခြင်း၊ ၁၁/၀၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းနှင့် ကျေးရွာအတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ၂ မိုင် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းအတွက်လည်း စုစုပေါင်းကုန်ကျငွေ သိန်း ၂၀၀၀ ကျော်ခန့်ကုန်ကျနိုင်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော် တစ်ဝန်းလုံး လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အား ခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများကို နိုင်ငံတော်မှ နှစ်စဉ် ရရှိတဲ့ ရန်ပုံငွေဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးရှိ ဓာတ်အားမရသေးတဲ့ ကျေးရွာများအား ဓာတ်အားပေးနိုင်ရန်အတွက် နှစ်စဉ်ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ် ပါတယ်။

ရန်ပုံငွေခွင့်ပြုချက်ပေါ်မူတည်ပြီး ကျေးရွာမီးလင်းရေးများကို ထည့်သွင်းဆောင်ရွက် ပေးသွားနိုင်ရန် လည်း စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါ ကျေးရွာနှစ်ရွာအတွက် ဆောလျင်စွာ လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်ပါက အခြားကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီများ ဆောင်ရွက်တဲ့ ကျေးရွာများနည်းတူ ဒေသအာဏာပိုင်များ သဘောတူညီချက်ရရှိပြီး ပြည်သူ လူထုမှ ခိုင်ခိုင်မာမာဖွဲ့စည်းထားတဲ့ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလျှောက်ထားရန်လိုအပ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့လည်း မူဘောင်သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေး သွားမှာဖြစ်ပြီး နည်းပညာပိုင်းများကို ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါကြောင်းဖြေကြားရင်း ကျွန်တော့်၏ အဖြေကိုနိဂုံးချုပ်အပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညို မေးမြန်းလာသော မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ်မှာ ယခင်က လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို သုံးမြို့သာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ လောပိတ-ဘောလခဲ-ဖာဆောင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇၇ မိုင်ကို နိုင်ငံတော်ကတည်ဆောက်ပြီး ဘော်လခဲနှင့် ဖာဆောင်းမြို့များကို ဓာတ်အားပေးစနစ်မှ ဓာတ်အားပေးနိုင်ခဲ့ပါတယ်။ ဓာတ်အားစနစ် မရောက်သေးတဲ့မြို့များဖြစ်တဲ့ ရှားတော၊ မဲ့စဲ့၊ ဟိုယာနှင့် ဆီလူးမြို့များကို ဒီဇယ်မီးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသကျေးရွာဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နဲ့ လွိုင်ကော်မြို့နယ်မှာ ၁၁ ရွာ၊ ဘောလခဲ မြို့နယ်မှာ နှစ်ရွာ စုစုပေါင်း ၁၃ ရွာကို ဒီဇယ်ဓာတ်အားပေးစက်များနဲ့ ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။

ကယားပြည်နယ်အတွင်း ဓာတ်အားပေးစနစ်မှ ဓာတ်အားရရှိတဲ့ ကျေးရွာအရေအတွက်မှာ စုစုပေါင်း ၄၅ ရွာရှိပြီး၊ အဆိုပါ ကျေးရွာများအနက် လွိုင်ကော်မြို့နယ်အတွင်းရှိ သတ္တပလူ၊ ပီကင်းခေါ်ခူ၊ ထီးသူကူ၊ ပျားကနဲ၊ လွယ်တမူ၊ ဝါရိကောခူ၊ သုံးမိုင်ပကြဲစံပြကျေးရွာ စုစုပေါင်း ခုနစ်ရွာနဲ့ ဒီမောဆိုမြို့နယ်ရှိ ပူဖားကျေးရွာတို့ဟာ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ကျေးရွာမီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ဓာတ်အားရရှိအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဦးခင်မောင်ညိုရဲ့မေးခွန်းမှာ ပါဝင်တဲ့ လွိုင်ကော်မြို့နယ်အတွင်းရှိ လွိုင်လင်လေးကျေးရွာကို ၃၆ ကေဗွီအေ စကိုဒါမီးစက်ဖြင့် တစ်ရက် သုံးနာရီ မီးပေးထားပါတယ်။ ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် မီးလင်းရေး ကော်မတီ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ ၁၁ ကေဗွီဓာတ်အားလိုင်း ဆက်လက်တည်ဆောက်ရန် ကျန်ရှိပါတယ်။ လွိုင်လင်လေးကျေးရွာ လျှပ်စစ်ဓာတ်အားရရှိပါက အနီးနားရှိ ထီးစခါးကျေးရွာကို

လည်း ၁၁ ကေဗွီဓာတ်အားလိုင်း အနီးကပ်တည်ဆောက်ပြီး ဓာတ်အားရယူနိုင်မှာ ဖြစ်ပါတယ်။ လွိုင်ကော်-အောင်ပန်းလမ်းပေါ်ရှိ ကုန်းသာကျေးရွာအုပ်စု ခြောက်ရွာတွင် ပီကင်းကောခူနဲ့ ဝါရိကော ခူကျေးရွာနှစ်ရွာဟာ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်လေးရွာဖြစ်တဲ့ ကုန်းသာ၊ ဝါဆောင်၊ သရက်ပင်နှင့် ဆောင်ကန်ကျေးရွာတို့ဟာ ပီကင်းကောခူရွာမှ လေးမိုင်ခန့်သာကွာဝေးတဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆက်လက်ဆောင် ရွက်နိုင်မှာဖြစ်ပါတယ်။ လွိုင်လင်လေးကျေးရွာမှ ကိုးမိုင်ခန့်ဝေးကွာပြီးတော့ တီးပုံကျေးရွာနှင့်အခြား ကျေးရွာပေါင်း ၂၀ ရွာဟာ လွိုင်ကော်မြို့မှ ၂၄ မိုင်ကွာဝေးသဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ဓာတ်အားပေးနိုင်မှုမရှိဘဲ ၃၃ ကေဗွီဓာတ်အားလိုင်းနဲ့ ၃၃ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ပြီးမှ ဓာတ်အား ရယူနိုင်မှာဖြစ်ပါတယ်။ ဒေါပေါ်ကလဲ၊ နိုကိုး၊ ဝါဆောင်၊ ထေးဌားလျာနှင့် ရွာပေါင်း ၂၀ ကိုဓာတ်အားပေးနိုင်ရန်အတွက် မိုးပြဲမြို့မှ ၁၁ ကေဗွီဓာတ်အားလိုင်း ၉ မိုင်ခန့်ဆွဲပြီး ဓာတ်အားရယူ နိုင်မှာဖြစ်ပါတယ်။

ဒီမောဆိုမြို့နယ်၊ လွိုင်ကော်-တောင်ငူလမ်းဘေးရှိ ငွေဆောင်ကျေးရွာအုပ်စု ၁၄ ရွာအနက် ရှစ် ရွာမီးလင်းပြီး ဖြစ်ပါတယ်။ လမ်းဘေးနှစ်ရွာဖြစ်တဲ့ ထေးသူဖျာ၊ ညောင်တုန်းရွာများဟာ ဒေါခလိုက် ကျေးရွာမှ ၁၁ ကေဗွီလိုင်း ၁.၅ မိုင်ဆွဲ၍ ဓာတ်အားရယူနိုင်ပါတယ်။ ကျန်လေးရွာဟာ လက်ရှိ ဓာတ်အားလိုင်းရှိရာ နေရာများနဲ့ အလှမ်းကွာဝေးတဲ့အတွက် ဓာတ်အားလိုင်းများ ဆက်လက် တည်ဆောက်သွားရမှာဖြစ်ပါတယ်။ နောင်ပုလဲကျေးရွာ အုပ်စုမှာခြောက်ရွာရှိတဲ့အနက် နောင်ပုလဲ ကျေးရွာ ဓာတ်အားရရှိပြီးဖြစ်သည့်အတွက် ကျန်ငါးရွာဟာ နောင်ပုလဲကျေးရွာမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းငါးမိုင်ဆွဲပြီး ဓာတ်အားရယူနိုင်ပါတယ်။ ဆောင်တူကျေးရွာအုပ်စု ကိုးရွာ၊ ထီပိုးကလို ကျေးရွာအုပ်စုရှစ်ရွာ၊ ဒေါကလောဒူကျေးရွာအုပ်စု ခုနစ်ရွာတို့ဟာ ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ဝေးကွာတဲ့အတွက် ၃၃ ကေဗွီဓာတ်အားလိုင်းတည်ဆောက်၍ ဓာတ်အားရယူရမှာဖြစ်ပါတယ်။ စံပြ ခြောက်မိုင်ကျေးရွာအုပ်စု ခြောက်ရွာတွင် မိုင်နှင့်ဟိုဖိုက်ကျေးရွာများမှာ မီးလင်းပြီး ဖြစ်ပါတယ်။ ဝမ့်လထွားနဲ့ ဒေါပိုးစီကျေးရွာနှစ်ရွာဟာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ဆဲဖြစ်ပြီး ကျန်နှစ်ရွာဟာ ၁၁ ကေဗွီဓာတ်အားလိုင်းအနီးရှိတဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နိုင် မှာ ဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဖရူဆို၊ ဘောလခဲ၊ ဖာဆောင်းမြို့တို့မှာ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်သွားရန်လျာထား ထားပါတယ်။ ယင်းဓာတ်အားခွဲရုံများ တည်ဆောက်ပြီးပါက ဦးခင်မောင်ညို မေးမြန်းတဲ့ မေးခွန်းတွင် ပါရှိသော ဖရူဆိုမြို့နယ်ရှိ ကျေးရွာ ၂၃ ရွာ၊ ဘောလခဲမြို့နယ်ရှိ ကျေးရွာသုံးရွာနှင့် ဖာဆောင်းမြို့နယ်ရှိ

ကျေးရွာလေးရွာတို့သည် ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်၍ ဓာတ်အားရယူနိုင်မှာဖြစ်ပါတယ်။ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်ရရှိတဲ့ဘဏ္ဍာငွေပေါ်မူတည်၍ ၂၃၀/၁၃၂ ကေဗွီဓာတ်အားခွဲရုံနှင့် မဟာဓာတ်အားလိုင်းများတည်ဆောက်ခြင်း၊ မြို့၊ ကျေးရွာများ ဓာတ်အားပေးနိုင်ရန်အတွက် ၆၆/၃၃ ကေဗွီခွဲရုံ၊ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရပါတယ်။ သို့ဖြစ်၍ ကယားပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားရယူရန် ဖော်ပြပါကျေးရွာများဟာ မီးလင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့တဲ့ကျေးရွာများနည်းတူ ဒေသအာဏာပိုင်များသဘောတူညီချက်ဖြင့် မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်သွားနိုင်ပါတယ်။ အချိန်ထက် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေခြင်း ဖြစ်ကြောင်းဖြေကြားရင်း ကျွန်တော့်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် မေးမြန်းလာသောမေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အတွင်း ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိမေးမြန်းတဲ့ ရွာပေါင်း ၁၂ ရွာအနက် ၃၃ ကေဗွီ မြောင်းတကာ-မှော်ဘီ ဓာတ်အားလိုင်းနဲ့ ၅၀၀ ပေသာကွာဝေးတဲ့ သာယာကုန်းကျေးရွာနှင့် နှစ်မိုင်စီ ကွာဝေးသော သဲခုန် နှင့်လိပ်ပုတ်ကျေးရွာတို့ကို အကွာအဝေးအလိုက် ၃၃ ကေဗွီလိုင်း တည်ဆောက်ပြီး ကျောက်ပုန်း ကျေးရွာအတွက် ၃၃/၀၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနဲ့ ကျန် သုံးရွာ အတွက် ၃၃/၀၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးစီတပ်ဆင် တည်ဆောက်ပေး ရမှာဖြစ်ပါတယ်။ အလားတူ အင်းကန်၊ နှောကုန်း၊ ညောင်ပင်ကုန်းနှင့် လက်ပံတန်းကျေးရွာတို့သည်လည်း ၁၁ ကေဗွီ အုတ်စက်-မှော်ဘီဓာတ်အား လိုင်းမှ ပေ ၁၀၀၊ ပေ ၂၀၀၊ ပေ ၃၈၀၀ နဲ့ နှစ်မိုင်စီအသီးသီးကွာဝေးပါတယ်။ အဆိုပါ အကွာ အဝေးအရ ၁၁ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ပြီး လက်ပံတန်းစုကျေးရွာမှ ၁၁/၀၄ ကေဗွီ၊ ၅၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးနဲ့ ကျန်ရွာ သုံးရွာတို့အတွက် ၁၁/၀၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးစီလိုအပ်ပါတယ်။ ညောင်နှစ်ပင်နဲ့ ကြာကန်ကျေးရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးရန် ရွာအနီးဖြတ်သန်းတည်ဆောက်ပြီးဖြစ်တဲ့ ၁၁ ကေဗွီ ကြက်ဖြူကန်-ညောင်နှစ်ပင် ဖုန်ဓာတ်အား လိုင်းမှ ၁၁/၀၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနဲ့ ၂၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးတို့လိုအပ်ပါတယ်။ ဖူးကြီးရေတွန်းစက် ဓာတ်အားခွဲရုံမှ ပျော်ဘွယ်စု ကျေးရွာသို့ ဓာတ်အား ပေးထားတဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြတ်သန်းတဲ့ ဝါးပတောကျေးရွာမှာ

၆၆/၀၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနဲ့ ပျော်ဘွယ်စု ကျေးရွာမှာ ၆၆/၀၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်တည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာရွာအတွင်းလမ်းများတွင် ၄၀၀ ဗို့ နှင့် ၂၃၀ ဗို့ဓာတ်အားလိုင်းများ တည်ဆောက်ပြီးမှသာ နေအိမ်များသို့ ဓာတ်အားရောက်အောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာများအနက် ကျေးရွာပေါင်း ၃၂၃ ရွာ မီးလင်းပြီးဖြစ်ပါတယ်။ နှစ်စဉ်ခွင့်ပြုတဲ့ ရန်ပုံငွေ အခြေအနေမှာ တိုးချဲ့တည်ဆောက် ရေးလုပ်ငန်းများနဲ့ အစားထိုးတပ်ဆင်ရေးလုပ်ငန်း များကို ဆောင်ရွက်ရသဖြင့် မြို့နယ်တစ်ခုတည်းမှ ကျေးရွာအမြောက်အမြားကို တစ်ပြိုင်တည်း မီးလင်းရေး ဆောင်ရွက်ရန်မှာ အကန့်အသတ်ရှိပါတယ်။ ကိုယ့်အားကိုယ်ကိုးမီးလင်းရေး ဆောင်ရွက်ရန် လျှောက်ထားပြီးဖြစ်တဲ့ နှောကုန်း၊ ညောင်ပင်ကုန်းနှင့် ညောင်နှစ်ပင်ကျေးရွာ မီးလင်းရေးလုပ်ငန်း များကို မူဘောင်သတ်မှတ်ချက်နှင့်ကိုက်ညီပါက အမြန်ဆုံး ခွင့်ပြုဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာ မီးလင်းရေးအတွက် မူဘောင် သတ်မှတ်ချက် များနဲ့ကိုက်ညီတဲ့ကျေးရွာမီးလင်းရေးများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်တဲ့နည်းပညာပိုင်း များကို ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားရင်း ကျွန်တော့်ရဲ့ဖြေကြားချက်ကို နိဂုံးချုပ် တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အခုလို လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်ပြီးတော့ အလေးထားစိစစ်ဖြေကြား ပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဝန်ကြီးဌာနများအနေနဲ့လည်း မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကို လေးစားပါတယ်။ လေးစားသောအားဖြင့် သက်ဆိုင်ရာဝန်ကြီး ဌာနအသီးသီးကလည်း လေးလေးစားစားပြန်ဖြေသွားတာ ကြားသိရမှာဖြစ်ပါတယ်။ အဲဒီနည်းတူပဲ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်းလည်း လေးစားဖို့လိုပါတယ်။ တန်ဖိုးထားဖို့လည်းလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမေးတဲ့မေးခွန်း၊ တင်သွင်းတဲ့အဆိုများကို ဖြစ်နိုင်သမျှခွင့်ပြုပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်တိုင်းနီးပါး မေးနိုင်အောင် အခွင့်အရေးပေးတဲ့အနေနဲ့ ဒီနေ့ အစီအစဉ်မှာကြည့်မယ်ဆိုလို့ရှိရင်လည်း မေးဖို့ ၁၂ ခုပေးထားတာဖြစ်ပါတယ်။ ဒါမှသာ မိမိဌာန၊ မိမိဒေသပြန်သွားတဲ့အခါမှာ မိမိကိုယ်စားလှယ်များ အနေနဲ့ ဒေသအကျိုးအတွက် တင်ပြဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း ဒေသခံများ၊ ပြည်သူများသိမှာ ဖြစ်တဲ့အတွက် ဒီအခွင့်အရေးရရှိအောင် မိမိအလေးထားပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ကျွန်တော်ပြန်ပြီးတင်ပြချင်တာက ကိုယ့်ကိုယ်ကိုလည်းလေးစားပါ။ ကိုယ့်တန်ဖိုး

ကိုလည်းနားလည်ပါ။ ကိုယ်သည်သာမန်လူတစ်ယောက်မဟုတ်ဘူး။ ပြည်သူများက ရွေးချယ် တင်မြှောက်ပြီးတော့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တယ်။ ပထမဆုံးလေးစားရမှာတော့ ကိုယ့်ကိုယ်ကို လေးစားဖို့လိုပါတယ်။ ပြီးတဲ့အခါမှာ လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း လေးစားဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ အချိန်ကိုလေးစားပြီးတော့ တန်ဖိုးရှိရှိ အသုံးပြုသွားဖို့ပဲ လိုပါတယ်။ ဒီနေ့မေးခွန်းများဟာ အဓိကအားဖြင့်တော့ လျှပ်စစ်မီးရရှိရေးအတွက် တင်ပြမေးမြန်းသွားတဲ့ မေးမြန်း ချက်များပဲဖြစ်ပါတယ်။ ဒီနေရာမှာ တချို့ကတော့ ရလိုမှုကိုအကြောင်းပြုပြီး မေးထားတာဖြစ်သလို တချို့ကျတဲ့အခါကျတော့ ရလိုမှုအပြင် ရရှိဖို့လိုတယ်ဆိုတဲ့ဟာတွေကို ကျိုးကြောင်းလျော်ညီစွာ တင်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာဝန်ကြီးအနေနဲ့ အလေးထားပြီးဖြေဆိုသွားမှု အတွက် ကျေးဇူးတင်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ဂွမဲဆန္ဒနယ်က ဦးကြည်သာတင်ပြခဲ့တာရှိပါတယ်။ အဲဒါကတော့ ဒီလဦးပိုင်းမှာ တင်ပြသွားတာဖြစ်ပါတယ်။ သူတင်ပြတဲ့ တင်ပြချက်အပေါ်မူတည် ပြီးတော့ ကျွန်တော် လွှတ်တော်မှာဆွေးနွေးမှုများ ပြုလုပ်ခဲ့တာရှိပါတယ်။ အောက်တိုဘာလ ၁၃ ရက် နေ့မှာ ဆွေးနွေး သွားတာရှိပါတယ်။ အဲဒီလို ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့ အတည်ပြု လိုက်တာက ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး အဖွဲ့(Board)/ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဥပဒေ (Rural Electrification Act) တို့ကို သင့်လျော်တဲ့အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်းဆောင်ရွက်ရန်အဆိုကို လွှတ်တော်က အတည်ပြုခဲ့ ပါတယ်။ ဒီလို အတည်ပြုချက်နဲ့အညီပဲ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက နမ့်ဆန်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဆွေက တင်ပြတာရှိပါတယ်။ အလယ်တန်းအဆင့်မှ စပြီးတော့ IT, ICT များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရေး နိုင်ငံတော်အစိုးရရဲ့ ရုံးဌာနများမှာ ဆောင်ရွက်နိုင်ရေးအတွက် ထိုက်သင့်တဲ့ငွေကြေး အကုန်အကျခံဆောင်ရွက်ရေးဟာလည်း ဒီအဆိုကို ဆက်လက်ဆောင်ရွက်မယ် ဆိုလို့ရှိရင် ကျေးရွာအဆင့်အထိ လျှပ်စစ်မီးရမှသာလျှင် ICT, IT ကိစ္စများ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ဖို့ဆိုလို့ရှိရင် လက်ရှိအနေအထားအရ နိုင်ငံတော် အစိုးရရဲ့ ဆောင်ရွက်ပေးမှု တစ်ခုတည်းကို အားကိုးထားလို့ရနိုင်မယ့် အနေအထားမရှိပါဘူး။ နိုင်ငံတော်အနေနဲ့ မိမိမှာရှိတဲ့လျှပ်စစ်ကို အကုန်အပြည့်ပေးထားတာပဲ။ သို့ရာတွင် လိုတာကများနေ တဲ့အတွက် ပေးနိုင်တာကနည်းတဲ့အတွက် တချို့ဒေသတွေမရောက်ရှိသေးခြင်းပဲ ဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံတော်အပိုင်းကလည်း လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် ကြိုးစားဆောင်ရွက် နေတယ်ဆိုတာ

အားလုံးအသိပဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဦးကြည်သာတင်သွင်းသွားတဲ့ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် Board သို့မဟုတ်လို့ရှိရင် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရေး ဟာ ဒီနေ့အတွက် မလုပ်မဖြစ်လုပ်ရမယ့် အရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်တဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ လွှတ်တော်ကော်မတီနဲ့ အဆိုတင်သွင်းထားတဲ့ ဦးကြည်သာတို့ဟာဆက်စပ် ပေါင်းစည်းပြီးတော့ ဒီ Board ဖြစ်လာရေး၊ ဥပဒေဖြစ်လာရေး၊ ဥပဒေဖြစ်လာပြီးတဲ့အခါမှာ အားလုံးဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေးဟာ အရေးကြီးတဲ့အခြေအနေမှာ ရောက်ရှိနေပြီဖြစ်တဲ့အတွက် သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြီးတဲ့အခါမှာ ခုနက ကျွန်တော်တို့ လွှတ်တော်ကော်မတီ၊ ပြီးတဲ့အခါမှာ အဆိုတင်သွင်းသွားတဲ့ ဦးကြည်သာတို့ ဆက်လက်ပြီးတော့ဆောင်ရွက်ဖို့ ကျွန်တော် လိုလားပါတယ်။ ကျွန်တော်လိုလားသလို လွှတ်တော်ဘက်ကလည်း လိုလားတဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကို ဆက်လက်ဆောင်ရွက်ပေးပါလို့ လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးနဲ့ သက်ဆိုင်ရာကော်မတီနဲ့ သက်ဆိုင်ရာအဆို တင်သွင်းတဲ့သူများကို လွှတ်တော်ကတစ်ဆင့် တင်ပြခြင်း ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး၃၅ရက်မြောက်နေ့တွင် အတည်ပြုခဲ့သည့် “ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့် နည်းလမ်းများအားလွှတ်တော်သို့တင်ပြရန် ”အဆိုနှင့်စပ်လျဉ်း၍ဆက်လက်ဆောင်ရွက် မည့်အစီအမံအားလွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့မှာ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသာတင်သွင်းပြီး အစည်းအဝေး ၃၅ ရက်မြောက်နေ့မှာ လွှတ်တော်က အတည်ပြုခဲ့တဲ့ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျော ညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခုဖြစ်ထွန်းလာမည့် နည်းလမ်းများ အားလွှတ်တော်သို့ တင်ပြရန်အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်သို့အသိပေးတင်ပြရန်ရှိပါတယ်။ တင်ပြပါအဆိုရဲ့ လုပ်ငန်းစဉ်ဟာ လွှတ်တော်အနေနဲ့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ဖြစ်ပါတယ်။ ဒါကြောင့် တင်ပြပါအဆိုရဲ့ အကြောင်းအရာနဲ့ဆက်စပ်နေတဲ့ ပြည်သူ့လွှတ်တော်ဘဏ်

များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးရေးတိုးတက်မှုကော်မတီ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှု လက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ပူးပေါင်းဆောင်ရွက်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ဒီအစီရင်ခံစာကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထားပြုစုတင်ပြရန် အသိပေး လိုပါတယ်။ ဘာကြောင့်လဲဆိုရင် မကြာခင်ကာလမှာ နိုင်ငံတော်ရဲ့ရသုံးမှန်းခြေငွေစာရင်းနဲ့ စီမံကိန်း များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပြည်ထောင်စုအစိုးရကသာ တင်သွင်းရမယ့် ဥပဒေကြမ်းသုံးခုကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ မှာဖြစ်တဲ့အတွက် အခုစာတမ်းကိုလည်း ဒီမတိုင်ခင် တင်ပြဆောင်ရွက်ပြီး မိမိတို့ဘက်က အသင့်ပြင် ထားမှသာလျှင် တင်ပြလာမယ့်ဥပဒေကြမ်းသုံးမျိုးအတွက် စနစ်တကျကူညီဆောင်ရွက်နိုင်မယ့် အနေ အထားဖြစ်တဲ့အတွက် ကျွန်တော်ခုနတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်မှာရှိတဲ့ကော်မတီများ ဖြစ်ကြတဲ့ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စီမံကိန်းများနှင့်ဘဏ္ဍာ ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် ရင်းနှီး မြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ပူးပေါင်းပြီးသင့်လျော်တဲ့ အစီရင်ခံစာ တစ်စောင်ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား ပြုစုတင်ပြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာ-ဂျပန် လွှတ်တော်ကိုယ်စားလှယ်များ ချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်း၊ ဝါရင့်လွှတ်တော်ဥက္ကဋ္ဌဟောင်း **မစ္စတာ ဝါတနာနာဘီးဟီဒရို** ဦးဆောင်တဲ့ ချစ်ကြည်ရေး အဖွဲ့လာရောက်တွေ့ဆုံခဲ့ပါတယ်။ ဒီအဖွဲ့တွေ့ဆုံတဲ့နေရာမှာ ကျွန်တော်လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များအပြင် တော်တော်များများနဲ့နှံ့စပ်စပ်တွေ့ပြီး နောက်ဆုံး သိရသလောက်တော့ နိုင်ငံတော်သမ္မတကြီးနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဒီအဖွဲ့ရဲ့အစဉ်အလာနဲ့ အရေးပါအရာရောက်မှု များကိုလည်း သက်ဆိုင်ရာဆက်ဆံခဲ့တဲ့ ပုဂ္ဂိုလ်များသိပါတယ်။ အဲဒီလို တွေ့ဆုံတဲ့နေရာမှာ မြန်မာ- ဂျပန် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရေးနဲ့ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးပိုမိုတိုးတက်စေရေးအတွက် မြန်မာ-ဂျပန်လွှတ်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ

ချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ပေးရန်လည်း သူတို့ဘက်က အဆိုပြုခဲ့ပါတယ်။ ဒီအဆိုပြုချက်နဲ့ စပ်လျဉ်းပြီး မြန်မာ-ဂျပန် လွှတ်တော်ကိုယ်စားလှယ်များ သူတို့ဘက်ကတော့ မြန်မာ-ဂျပန်ပါလီမန်နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ချစ်ကြည်ရေးအဖွဲ့ကို ဆောင်ရွက်ဖို့ ညှိနှိုင်းတဲ့အခါမှာ အဲဒီနေ့က တွေ့ဆုံဆွေးနွေးပွဲမှာ မြိတ်မဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးဌေးမြင့်၊ နောက်တစ်ခါ ဂွမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာတို့ဟာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတဲ့ ပေါ်မူတည်ပြီးတော့ သူတို့ဘက်ကလည်း ဖြစ်နိုင်လို့ရှိရင် ဒီပုဂ္ဂိုလ်များကို ကိုယ်စားလှယ်များ ချစ်ကြည်ရေးအဖွဲ့မှာ ပါဝင်ပေးဖို့ ပြောဆိုလာတဲ့အတွက် ဥက္ကဋ္ဌအဖြစ် ဦးဌေးမြင့်၊ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အတွင်းရေးမှူးအဖြစ် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။ ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံက ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဂျပန်နိုင်ငံသွားပါတယ်။ ဂျပန်နိုင်ငံသွားတဲ့အခါမှာ တော်တော်များများသော အဆင်ပြေမှု၊ ODA ရဲ့ ထောက်ပံ့ပေးမှုများရရှိမယ်ဆိုတာ ကတိကဝတ်များရရှိခဲ့ပါတယ်။ အဲဒီလို ကတိကဝတ်များဟာလည်း ကျွန်တော်တို့ဒီမှာ ဆွေးနွေးသွားတဲ့အချက်တွေ အဓိကထားပြီးတော့ ပါဝင်တယ်ဆိုတာလည်း သိရပါတယ်။ ဒီနေရာမှာ ဒီနေ့လျှပ်စစ်မီးနဲ့ ပတ်သက်ပြီးတော့ တင်ပြအဆိုပြုတောင်းခံတာနဲ့ ဒီဘီလူးချောင်းရေအားလျှပ်စစ်ဟာ ဂျပန်နိုင်ငံက လွန်ခဲ့တဲ့ ၅၁ နှစ် ကတည်ဆောက်ပေးပြီးတော့ အခုအချိန်ထိ ဒီရေအားလျှပ်စစ်က အင်မတန်မှ ပြောမယ်ဆိုရင် Install Capacity အတိုင်း ဒီအချိန်ထိ ထွက်ရှိနေတဲ့ရေအားလျှပ်စစ်ဖြစ်တယ်။ ဒီကိစ္စ အတွက် အဲဒီနေ့က အဲဒီဌာနမှာ တာဝန်ယူခဲ့ကြတဲ့ ဦးကြည်သာက ODA အနေနဲ့ ဒီရေအားလျှပ်စစ်ကို ဆက်လက်ပြီးတော့ အကူအညီပေး ဆောင်ရွက်မယ်ဆိုရင် နောက်ထပ် နှစ် ၅၀ အနည်းဆုံးခံနိုင်ပါတယ်ဆိုတဲ့ ဆွေးနွေးချက် ပေါ်မူတည်ပြီးတော့ ဒီနေ့ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနသွားတဲ့ အခါမှာ ဒီကိစ္စကိုလည်း ဂျပန်နိုင်ငံဘက်က အလေးအနက်ထားကူညီဆောင်ရွက်ပေးမယ်ဆိုတဲ့ ပြန်ကြားချက်လည်းရပါတယ်။ ဒါကြောင့် ခုနကမေးခွန်းတွေ မေးပြီးတော့ လျှပ်စစ်မီးရရှိရေးကိစ္စဟာ မေးလို့လွယ်ပါတယ်။ တောင်းလို့လည်း လွယ်ပါတယ်။ သို့ရာတွင် ဒီဟာတွေဖြည့်ဆည်းပေးမယ်ဆိုလို့ရှိရင်တော့ တော်တော်လေးကို ကြိုးစားပြီးဆောင်ရွက်ရမယ့်အနေအထားဖြစ်တဲ့အတွက် ဦးကြည်သာတင်ပြထားတဲ့ ကျေးလက်ဒေသ မီးလင်းရေးကိစ္စနဲ့ပတ်သက်ပြီးတော့ ခုနကကျွန်တော်တင်ပြခဲ့တဲ့ Board သို့မဟုတ်လို့ရှိရင် ဥပဒေများပေါ်ထွန်းလာပြီး ဒီကိစ္စကိုနိုင်ငံတော်အစိုးရတစ်ခုတည်း မဟုတ်ဘဲနဲ့ သက်ဆိုင်ရာဒေသ၊ ပြီးတဲ့ အခါမှာ သက်ဆိုင်ရာဒေသက ပြည်သူများပါဝင်ပူးပေါင်း ဆောင်ရွက်မှသာ လျှပ်စစ်မီးရရှိရေးဟာ

အဆင်ပြေနိုင်မယ့်အနေအထားဖြစ်တဲ့အတွက် ဒီအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးပါလို့ ထပ်မံတိုက်တွန်းလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၂ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။ ]